မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၉ခုနှစ် မတ်၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အာဆစ်ဖ် အလီ ဇာဒါရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မျိုးချစ်တပ်မတော်

ဒို့တပ်မတော်ဟာ လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှာ ပြည်သူက တည်ထောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်သန္ဓေတည်စဉ်ကပင်လျှင် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ရှင်သန်ပေါက်ဖွားလာခဲ့ရတာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

ရထားလမ်းများသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပြည့်စုံလုံခြုံရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့်ရပ်တည်ချက်တို့မှ ပေါက်ဖွားသော ရလဒ်ကောင်းများဖြစ်

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချ မိမိတို့၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားအောင် သားစဉ်မြေးဆက်တိုင်ထိန်းသိမ်း

နေပြည်တော် မတ် ၂၂

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဖောက်လုပ်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ဘူတာ ဥပစာရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာတွေ့ဆုံသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဥသျှစ်ပင်မှ ကံမသို့ ပြေးဆွဲမည့် အထူးရထားပေါ်ရှိ ဒေသခံပြည်သူများအား ဥသျှစ်ပင်ဘူတာမှ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၂၃ ရက်)

စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း တိုးမြှင့်ဖော်ဆောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်းဆောင်ရွက်

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ငဝန်တံတား(မြို့ကွင်း) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၁ရက်နေ့ကကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့ ဧရာဝတီသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ခေတ်တစ်ခုကို ပြောင်းလဲရောက်ရှိနေပြီဖြစ်သည်။ ယခင်က ရေကြောင်းလမ်းကို အားကိုးပြုပြီး သွားလာခဲ့ရသည်။ တပ်မတော်အစိုးရ တာဝန်ယူပြီးနောက် ၁၉၈၉ခုနှစ်မှစ၍ ဧရာဝတီတိုင်းအတွင်း၌ တံတားကြီးငယ်များ တည်ဆောက်ပေးခဲ့ရာ တံတားပေါင်း ၄၅စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ တိုးချဲ့တည်ဆောက်ထားသော လမ်းတံတားများကြောင့် ကားလမ်းတံခါးပေါက်များ ပွင့်သွားပြီး အချိန်ကုန်သက်သာမှုနှင့်အတူ ဖွံ့ဖြိုးသည့် ခေတ်တစ်ခေတ်ဆီသို့ တက်လှမ်းလျက်ရှိနေပြီ ဖြစ်သည်။ ဧရာဝတီတိုင်း၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေးစသည့် အခြေအနေများ သည်လည်း သွားလာမှု လွယ်ကူသွက်လက် မြန်ဆန်လာသည်နှင့်အမျှ မြင်သာ ထင်သာစွာ ပြောင်းလဲတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။

ဤသို့ ပြောင်းလဲတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၏ စေတနာထက်သန်မှု၊ မြော်မြင်တွက်ဆနိုင်မှု၊ အားပေး ဖြည့်ဆည်းပေးနိုင်မှု တို့ကြောင့် ဖြစ်သကဲ့သို့ ဧရာဝတီသားများ၏ နိုင်ငံတော်အပေါ် နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရိုးသားမှု၊ ကြိုးစားမှုတို့ကြောင့်လည်း ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားစု(၃)ရပ် အပြန်အလှန်နားလည်မှုရှိရှိ ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ပြီး တိုးတက်အောင်မြင်မှုများကို ဖော်ဆောင်နိုင်မည်ဆိုသည့် သင်ခန်းစာကို ဧရာဝတီက ဖော်ညွှန်းပြသလျက် ရှိသည်။

ငဝန်တံတား(မြို့ကွင်း) တံတားသစ်ကြီးဖြစ်ပေါ်လာခြင်းဖြင့် ဟင်္သာတမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် လေးမျက်နှာမြို့များသို့ တန် ၆၀ယာဉ် ဝန်အလေးချိန်ရှိယာဉ်များ လွယ်လင့်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

တပ်မတော်အစိုးရသည် ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း တစ်ပြိုင်တည်း မျှမျှတတ မြန်မြန် တိုးတက်လာရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်လျက်ရှိရာ နယ်မြေဒေသများ၌ လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေး နိုင်ရေးအတွက် စီးပွားရေးအင်အား တောင့်တင်းရန် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းလက်တွဲ ပူးပေါင်းပါဝင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဘိက္ခုနီတို့ တရားရခန်း** တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
၈:၀၀-၂:၀၀	စိုပြည်စိမ်းလန်း တောင်ကုန်း ထက်မှ ခရီးသွားစခန်း
၈:၂၅-၂:၂၅	Soccer Update
၈:၄၀-၂:၄၀	နိုင်ငံတကာအနုပညာရေးရာ
၉:၀၀-၃:၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ဖူးတံဝင့်ချီပွင့်တော့မည် ပြုံးပန်းတွေဝေစည်
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	Biz Net
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၀:၁၀-၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅	လူတိုင်းအတွက်ရေးဦးသူနာပြု (အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်းများ)
၁၀:၂၅-၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	မံဆောင်းတံတား (ချင်းပြည်နယ်)
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	လျှဒါနိန်းမှုများ ကုသိုလ်မှား နိဗ္ဗာန်ရည်စူး(၁၀၀၈)ဆူ
၁၁:၄၅-၅:၄၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၂:၁၀-၆:၁၀	သန့်ရှင်းကျန်းမာသော… အာဟာရပြည့်မှုများနှင့်အတူ
၁၂:၂၅-၆:၂၅	Yangon Panorama (၄)ကိုယ်စောင့်နတ်စီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲ)
၁၂:၄၀-၆:၄၀	**သတင်းကောင်း** သျှားညို၊ ဆုပန်ထွား၊ မှင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။ လျှပ်တစ်ပြက်
၆:၄၀	၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀	၁၅။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **အဖေတူသား** (ဇာတ်သိမ်း) လူမင်း၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ နန္ဒာလှိုင်၊ ပန်းဖြူ၊ သက်မွန်မြင့် (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ မေးမြန်းစူးစမ်း
	၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိတ်မုန့်ချစ်သူ** (အပိုင်း-၈)

ဘဲမွေးမြူနည်းစနစ် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပဲခူးတိုင်း မိုးယွန်းကြီးဒေသ၌ကျင်းပ

ရန်ကုန် မတ် ၂၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် အီတလီနိုင်ငံ တိရစ္ဆာန်ရောဂါ စူးစမ်းရှာဖွေ လေ့လာရေးဌာန၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၏ ကြက်လည်လိမ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကိုးကားဓာတ်ခွဲခန်း (Veterinary Institute- IZSVe) တို့၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် ထိန်းချုပ်ရေး သုတေသနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပဲခူးတိုင်း မိုးယွန်းကြီးဒေသ ဘဲမွေးမြူရေးစနစ် ဇီဝလုံခြုံမှု မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ FAO မှ အကြီးတန်း ပညာရပ်ဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Dr. Murrary Maclean၊ FAO-EU Avian Influenza Expert-Dr. Ales-sandro Cristalli ၊ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန ပဲခူး၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်မြို့နယ်တို့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)၊ ပဲခူးတိုင်းနှင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်၊ ဘဲမွေးမြူရေးစနစ်များ နှင့် ဇီဝလုံခြုံမှုမြှင့်တင်ခြင်း၊ ကြက်ငှက် တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (National Active Surveillance Plan) မိုးယွန်းကြီးဒေသ ဘဲမွေးမြူနည်းစနစ် ဇီဝ လုံခြုံမှု တိုးမြှင့်ရေးနှင့် မွေးမြူမှု ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာရှဒေသနှင့်စီးပွားရေးဆက်ဆံမှုများ ဆက်လက်ကြိုးပမ်းရေး အမေရိကန်အား စင်ကာပူက လေးလေးနက်နက်တိုက်တွန်း

စင်ကာပူ မတ် ၂၂

အမေရိကန်နိုင်ငံအနေဖြင့် အာရှဒေသနှင့် စီးပွားရေးဆက်ဆံရာတွင် အပြင်းအထန် ကြိုးပမ်းရမည်ဖြစ်ကြောင်း စင်ကာပူတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မတ်၂၀ရက်တွင် လေးလေး နက်နက် တိုက်တွန်းပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသသည် အမေရိကန်နိုင်ငံအတွက် အရေးပါသည့် ဒေသဖြစ်နေပြီး အာရှ၏စီးပွားရေးနှင့် မဟာဗျူဟာမြောက် စွမ်းပကားသည် အနာဂတ်ကာလတွင် ဆက်လက်ကြီးထွားနေမည်ဖြစ်သည်ဟု စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး လင်ဟန်ကျန်က ပြောကြားသည်။

အာရှနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုရှိစေရန်အတွက် ယင်းတို့၏စီးပွားရေးဆက်ဆံမှုများ နှင့် အချင်းချင်းစုစည်းမှုများကို အရှိန်မြှင့်ပြီး ဆက်လက်ကြိုးပမ်းရန် လိုအပ်ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံအား ထိခိုက်နစ်နာမှုဖြစ်စေသည့် စီးပွားရေးဆက်ဆံမှု မူဝါဒနောက်သို့လိုက်ခြင်းဖြင့် စီးပွားရေးအရ စုစည်းမှုမပြုလုပ်သင့်ကြောင်း လင်က ထပ်လောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ အမတ်တစ်ဦးနှင့် ကိုယ်ရံတော်လေးဦး သေဆုံး

ကဘူးလ် မတ် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် လမ်းဘေးဗုံးတစ်လုံး မတ် ၁၉ ရက်က ပေါက်ကွဲသဖြင့် အာဖဂန်ဥပဒေပြု အမတ်တစ်ဦးနှင့် ၎င်း၏ကိုယ်ရံတော်လေးဦးတို့ သေဆုံးခဲ့ကြောင်း အသက်မသေဘဲ ကျန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟယ်လ်မန့်ပြည်နယ်မှ ပါလီမန်အမတ်ဖြစ်သူ ဒက်မိုဟာမက်သည် လက်ရှိ ကာဂါးခရိုင်တွင် လမ်းဘေးဗုံးပေါက်ကွဲစဉ်က မော်တော်ယာဉ်အတွင်း ရှိနေခဲ့သည်ဟု ညီအစ်ကိုဝမ်းကွဲတော်သူ အက်ကတာမိုဟာမက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အကြမ်းဖက်သမားများက ဥပဒေပြုအမတ်များအား ပစ်မှတ်ထားတိုက်ခိုက်နေကြရာ လုံခြုံရေးဝန်ထမ်းများ လုံလုံလောက်လောက်မရှိမှုကြောင့် ၎င်းတို့အနေဖြင့် အကြမ်းဖက်သမားများအား ပြန်လည် တိုက်ခိုက်နိုင်စွမ်းမရှိဖြစ်နေရသည်ဟု အချို့သော နိုင်ငံရေးသမားများက မကျေမနပ် ပြောကြားကြသည်။

နေ့စဉ်တိုက်ခိုက်မှုဖြစ်ပွား

ဗုံးပေါက်ကွဲရာတွင် အသက်မသေ ကျန်ရှိသူ အက်ကတာမိုဟာမက်က ယင်း ဖြစ်ပွားမှုသည် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် ဗုံးဖြစ်ဖွယ်ရှိသည်ဟု ပြောကြားသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များက ဟယ်လ်မန့်ပြည်နယ်တွင် တာလီဘန် စစ်သွေးကြွများနှင့် နေ့စဉ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဆားလင်းကြီးမြို့နယ် သနပ်မျှောင်ကျေးရွာနှင့် ကနီမြို့နယ် ဆူးလေကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများအားတွေ့ဆုံပြီး စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်အားပေး

အမှာစကား ပြောကြား

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး မုံရွာခရိုင် ကနီမြို့နယ် ဆူးလေကုန်းကျေးရွာ၌ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုကိုးအုပ်စု ကျေးရွာပေါင်း ၃၃ရွာမှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၂

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် သနပ်မျှောင်ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များပေးအပ်ပွဲကို မတ် ၁၆ ရက် မွန်းလွဲ၂နာရီတွင် ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖလန်ကန်၊ သနပ်မျှောင်၊ ကျေးတိုင်၊ ကျိုင်းခမောက်၊ ကွန်းဖိုပင်၊ ချောင်းရိုး၊ ဘိုက်သရက်၊ မတောင့်တ၊ ရွှေသမင်၊ သမ္မတော ကျေးရွာ၁၀ရွာတို့မှ ဒေသခံပြည်သူ၂၇၀၀ကျော် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကြသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အောင်ချမ်းသာကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ် သုံးသိန်း၊ သနပ်မျှောင်ကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက စာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသောင်းနှင့် စာအုပ်၊ စာစောင်များကို လည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သနပ်မျှောင်ကျေးရွာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ကြရာ အလှူရှင် ဦးမိုး၊ ဇနီး ဒေါ်ဝင်းစိန်တို့က သနပ်မျှောင်ကျေးရွာ တိုးတက်အောင် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြိုးစားဆောင်ရွက်

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စာကြည့်တိုက်အတွင်း ဒေသခံပြည်သူများ စာပေဖတ်ရှု လေ့လာနေမှုကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး အတွက်သတ်မှတ်ချက်များနှင့်အညီ ကြိုးစားဆောင်ရွက်ရန် မှာကြားကြသည်။

တက်ရောက်

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၁၇ရက် နံနက်၉နာရီတွင် မုံရွာခရိုင် ကနီမြို့နယ် ဆူးလေကုန်း ကျေးရွာ၌ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဝင်များဖြစ်ကြသော ဆူးလေကုန်း၊ စကားမြား၊ နတ်ရဲတောင်၊ မိုးကောင်း၊ ကနဲ၊ ယော၊ ကျော်ရွာ၊ တပေါင်း၊ တပုန်းစသည့် ကျေးရွာအုပ်စုကိုးအုပ်စု၊ ကျေးရွာပေါင်း ၃၃ရွာတို့မှ ဒေသခံပြည်သူ ၂၂၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြပြီး အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက တပုန်းကျေးရွာ အလယ်တန်းကျောင်းခွဲအတွက် ငွေကျပ် နှစ်သိန်း၊ နတ်ရဲတောင်ကျေးရွာ အလယ်တန်းကျောင်းခွဲအတွက် ငွေကျပ် နှစ်သိန်း၊ စကားမြားကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် နှစ်သိန်း၊ ထနောင်းပကားကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် နှစ်သိန်း၊ ဆူးလေကုန်းကျေးရွာ အလယ်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တပေါင်း စာကြည့်တိုက်အတွက် ငွေကျပ်နှစ်သိန်းနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သခွတ္တနယ်စံပြကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေး၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ အထက်တန်းကျောင်းခွဲသို့ သွားရောက်၍ သင်ကြားသင်ယူမှု အထောက်အကူပြုခန်းကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ဆားလင်းကြီးမြို့နယ် သနပ်မျှောင်ကျေးရွာ တိုးတက်အောင် စာကြည့်တိုက်ဖွင့်ပွဲကို တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေ့စဉ် ၁၀ကြိမ်ထက်မနည်း ရယ်မောတတ်သူများ သွေးနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားမှုနည်းပါး

တစ်နေ့လျှင် အနည်းဆုံး ၁၀ကြိမ်ခန့် ရယ်မောသောသူများသည် သွေးနှင့်ပတ်သက်သည့် ရောဂါများ မဖြစ်နိုင်သည့်အပြင် သာမန်လူများထက် အသက်ပိုရှည်ကြောင်း ပြင်သစ် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပြု

ထို့အပြင် စိတ်လက်ပေါ့ပါးကာ ရယ်မောနေတတ်သူများတွင် အရွယ်ရလာသည့်အခါ ဆံပင် မဖြူတတ်ကြကြောင်း၊ တစ်နေ့ ၁၀ကြိမ်ထက်မနည်း ရယ်မောလေ့ရှိသူ အမျိုးသား အမျိုးသမီး ၃၀၀၀တို့အား လေးနှစ်ကြာ သုတေသနပြုခဲ့ရာ ဆံပင်ဖြူသူ ၃၀ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရသည်ဟု ဆို၏။

ရှင်သန်နိုးကြား

တစ်ဖန် ရယ်မောတတ်သူများသည် စိတ်လက်ပေါ့ပါးနေတတ်ကြရာ ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှု သွက်လက်စေကြောင်း သိရသည်။ ရယ်မောနေချိန်တွင် သွေးများကို စစ်ဆေးကြည့်သည့်အခါ သွေးကလာပ်စည်းဆဲလ်များ ရှင်သန်နိုးကြားနေကြပြီး ဆဲလ်များ ပျက်စီးမှု နည်းပါးကြသည်ကို တွေ့ရသည်။

ရယ်မောကာ စိတ်လက်ပေါ့ပါးသူများမှာ နှလုံးသို့ သွေးပို့မှု မြန်စေခြင်းနှင့် သွေးအတွင်း ဆဲလ်များပျက်စီးမှုနည်းပါးသဖြင့် သွေးနှင့်ပတ်သက်သောရောဂါများ မဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

မိုး အစဉ်သတိပြု

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှမင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့မီးရထားမှ အရာထမ်းအမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဖွင့်အမှာစကားပြောကြားရာ၌ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ဥသျှစ်ပင်-ကံမ ရထားလမ်းကို ယနေ့ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဟန်ချက်ညီညီ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် စီမံကိန်းများ စနစ်တကျချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ၌ နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား လွယ်ကူချောမောစွာ ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်မှာ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ **"လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူပြုသလို ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကူးလူးဆက်သွယ်သွားလာနိုင်တဲ့ စည်းလုံးညီညွတ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေလည်းဖြစ်တယ်"**ဆိုသည့် လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်၏ ပထဝီအနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်ရအောင် နယ်စပ်ဒေသများပါမကျန် လမ်းတံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချပြီး ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးလျက်ရှိကြောင်း။

ထပ်မံပေါ်ထွန်း

မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်စေရန်၊ စိတ်အေးချမ်း လုံခြုံစွာ ကူးလူးသွားလာနိုင်စေရန်၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးစေရန်စသည့် မွန်မြတ်သော စေတနာများနှင့်ယှဉ်ပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆ ကြိုးစားအားထုတ်မှုများကို အခြေပြု၍ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ဖွင့်လှစ်သည့် ဥသျှစ်ပင်-ကံမ ရထားလမ်းသစ် ထပ်မံပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဥသျှစ်ပင်-ကံမ ရထားလမ်းသည် ၃၅မိုင် ရှည်လျားပြီး ကြံခင်း-ပခုက္ကူ ရထားလမ်းမိုင်၃၂၀၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း၊ ကြံခင်း-ဥသျှစ်ပင် ရထားလမ်းမိုင် ၄၀ကို ၂၀၀၈ခုနှစ် မတ်၁ရက်တွင် ဖွင့်လှစ်ပြီးဖြစ်၍ ယခုအခါ ပုသိမ်မှ ကြံခင်း၊ ကြံခင်းမှ ကံမအထိ ၂၂၂မိုင်ကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မှာဖြစ်ကြောင်း။

ကွန်ရက်သဖွယ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းနှင့် ပြည်နယ်များ၏ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန်အတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ရန် လမ်းညွှန်ထားပြီး ဖြစ်ကြောင်း၊ တိုးချဲ့ဖောက်လုပ်မည့် ရထားလမ်းသစ် စီမံကိန်းများမှာ-

- **ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင်၃၂၀**
- **ကသာ-ဗန်းမော် ရထားလမ်း ၉၅ မိုင်**
- **ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ၉၅ မိုင်**
- **ထားဝယ်-မြိတ် ရထားလမ်း ၁၃၂ မိုင်**
- **နမ့်စန်-ကျိုင်းတုံ ရထားလမ်း ၁၉၈ မိုင်**
- **စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ၂၅၇ မိုင်**

စသည်တို့ ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

ဤသို့ ဖောက်လုပ်လျက်ရှိသည့်အတွက် တိုင်းနှင့် ပြည်နယ်အားလုံး ဆက်သွယ်ထားသည့် အမျိုးသား မီးရထားကွန်ရက် (National Railway Network)ကြီး မဝေးကွာသည့် နှစ်ပိုင်းအတွင်း၌ ဖြစ်ပေါ်လာတော့မှာ ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့ဆိုလျှင် မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ တောင်ပိုင်း ထားဝယ်မြို့အထိ လည်းကောင်း၊ အရှေ့ဘက် နမ့်စန်မြို့မှ အနောက်ဘက် ကလေးမြို့အထိလည်းကောင်း ရထားလမ်းခရီးများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီးဖြစ်သကဲ့သို့ အရှေ့တောင်ဘက် ကယားပြည်နယ် လွိုင်ကော်မြို့အထိပါ ရထားလမ်းခရီးဖြင့် သွားလာနိုင်ကြပြီ ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ဖောက်လုပ်ထားရန် စီမံထားပြီးဖြစ်၍ အဆိုပါလမ်းကို ဧရာဝတီမြစ်အနောက်ဘက်ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဆက်စပ်လိုက်ပါက ဧရာဝတီအရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများမှ မြန်မာနိုင်ငံအလယ်ပိုင်း နေပြည်တော်အထိ တစ်ဆက်တစ်စပ်တည်း ရထားလမ်းခရီး ဖြစ်ထွန်းလာမှာ ဖြစ်ကြောင်း၊ ယခင်က ရထားလမ်းခရီးမပေါက်ခဲ့သည့် ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်းအထက်ပိုင်းနှင့် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းတို့၌ ရထားလမ်းသစ်များ တိုးချဲ့ပေးနိုင်ခဲ့သည့်အတွက် ခရီးသွားလာ ကုန်စည်ပို့ဆောင်ခြင်းများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြသကဲ့သို့ ရထားလမ်း ဖြတ်သန်းသွားရာ မြို့၊ ရွာများစွာမှ ဒေသခံပြည်သူပေါင်းများစွာအတွက်ပါ အကျိုးဖြစ်ထွန်းမှု ရရှိစေမှာဖြစ်ကြောင်း။

နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးပိုင်း၌ ကဏ္ဍသစ်များ တိုးတက်ပြောင်းလဲလာခဲ့သည်ဟု ဆိုရမှာဖြစ်သော်လည်း ရထားပို့ဆောင်ရေးသည် အားထားနေရသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၌ အဓိကအရေးပါနေဆဲဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့ မြန်ဆန်ပြီး ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် နိုင်ငံတော်က အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးတက်တည်ဆောက်

ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးစေရေးအတွက် ရထားလမ်းဟောင်းများ ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ အဓိကကျသော လမ်းခရီးများတွင် တစ်လမ်းသွားအဆင့်မှ နှစ်လမ်းသွား ဒွေးလမ်းအဆင့် တိုးမြှင့်ခြင်း၊ ဘူတာရုံအသစ်များ တိုးချဲ့ခြင်းနှင့် မြို့ကြီးများမှ ဘူတာရုံကြီးများကို နိုင်ငံတကာအဆင့်မြှင့်တင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့၍ **၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ၌ ရထားလမ်းခရီး မိုင်ပေါင်း ၁၉၇၆မိုင်၊ သံလမ်းမိုင်ပေါင်း ၂၇၉၃ မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံ ရှိခဲ့ရာမှ ယခုဆိုလျှင် ရထားလမ်းခရီးမိုင်ပေါင်း ၃၂၃၈ မိုင်၊ သံလမ်းမိုင်ပေါင်း ၄၃၂၆ မိုင်နှင့် ဘူတာရုံပေါင်း ၈၂၁ရုံ ရှိလာပြီဖြစ်၍ ရထားလမ်းခရီးမိုင်ပေါင်း ၁၂၆၂မိုင်၊ သံလမ်းမိုင်ပေါင်း ၁၅၃၃ မိုင်နှင့် ဘူတာရုံပေါင်း ၃၃၄ ရုံ တိုးတက် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။**

တပ်မတော်အစိုးရလက်ထက်၌ ရထားလမ်းများနည်းတူ ကားလမ်းပို့ဆောင်ရေးကဏ္ဍကို ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကျေးရွာချင်းဆက်လမ်း၊ မြို့ချင်းဆက်လမ်းနှင့် ခရိုင်ချင်းဆက်လမ်းများ၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသလမ်းများကိုပါ အရှိန်အဟုန်ဖြင့် အကွက်ချ ဖောက်လုပ်ပေးခဲ့သည့်အတွက် **၁၉၈၈ခုနှစ် မတိုင်မီက ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်း လမ်းမိုင် နှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါတွင် မိုင်ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။**

လမ်းများနှင့်အတူ လိုအပ်သော တံတားကြီးများကို ဆက်စပ်တည်ဆောက်ခဲ့သည့်အတွက် အဓိကမြစ်ကူးတံတားကြီး ၁၇စင်းအပါအဝင် ပေ ၁၈၀အထက် တံတားပေါင်း ၂၂၁စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

လေကြောင်းဆက်သွယ်ရေး

လေကြောင်းဆက်သွယ်ရေးကဏ္ဍတွင်လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း၊ မူလရှိပြီး လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် **ယခုအခါ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှစ်ခုအပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း။**

အလားတူပင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ယခင်က အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၃ခုရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ခုအထိ တိုးတက်လာသည့်အပြင် နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာစခန်းသုံးခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ရထားပို့ဆောင်ရေး၊ ကားလမ်း ပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးတို့ကို ငွေကြေးနှင့်လူအင်အား၊ စက်ယန္တရားအင်အားနှင့် အတတ်ပညာစွမ်းအားများစွာ ရင်းနှီးမြှုပ်နှံပြီး ကြိုးစားတည်ဆောက်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ဘူးဆိုသည်ကို ဒေသခံပြည်သူများ သိမြင်နားလည် သဘောပေါက်ကြပြီး ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ

ယခုကဲ့သို့ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေး ဘဝမြင့်မားလာစေရေးကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ရာတွင် တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံကို ကိန်းဂဏန်းများအရရော မငြင်းကွယ်နိုင်သည့် ကိုယ်တွေ့မျက်မြင်ဖြစ်ထွန်းမှုများအရပါ မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ဥသျှစ်ပင်-ကံမရထားလမ်းအပါအဝင် ရထားလမ်းများသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝပြည့်စုံလုံခြုံရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့်ရပ်တည်ချက်တို့မှပေါက်ဖွားလာသော အကျိုးရလဒ်ကောင်းများ ဖြစ်သည်ဟုခံယူပြီး ယင်းဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးချလျက် မိမိတို့၏ လူမှုစီးပွားရေးဘဝ ပိုမိုသာယာဝပြော တိုးတက်မြင့်မားစေရအောင် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ပေါ်ထွန်းလာသည့် ဥသျှစ်ပင်-ကံမ ရထားလမ်း အရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘေးကင်းလုံခြုံစေရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများနှင့် ရထားလမ်းဖြတ်သန်းရာ မြို့၊ရွာအသီးသီးမှ ပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အခမ်းအနားမှာ ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ဥသျှစ်ပင်နှင့် မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ၃၅ မိုင်ရှည် ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

အဓိကကျ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်ပေါ်ထွန်းလာအောင် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးသည် အဓိကကျသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ဒေသစီးပွားရေးတိုးတက်လာမှာဖြစ်ကြောင်း၊ ဒေသအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာလည်းဖြစ်ကြောင်း။

ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးရထားလမ်းကြီးသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း တိုင်းကြီးလေးတိုင်း၏ နယ်မြေဒေသများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည့်အတွက် ယင်းဒေသများ၏ စီးပွားရေး၊ လူမှုရေးအပြန်အလှန် ကူးလူးဆက်ဆံရေးကို များစွာအထောက်အကူပြုလာမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စေရန်အတွက် နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသပါမကျန်အောင် ဘက်စုံ၊ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသည့်အတွက် ကားလမ်းကွန်ရက်များ၊ ရထားလမ်းကွန်ရက်များ ဖောက်လုပ်ပေးခြင်းအားဖြင့် နိုင်ငံအဝန်း စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေးများပါမကျန် ကူးလူးဆက်ဆံလာကြပြီး ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားညီအစ်ကိုများ ပိုမိုချစ်ခင်ရင်းနှီးမှုရရှိလာကာ ပြည်ထောင်စုကြီး ပိုမိုကြံ့ခိုင်ရှင်သန်နေမှာပင်ဖြစ်ကြောင်း။

ကုန်သွယ်မှုလမ်းကြောင်း

ထို့ကြောင့် **ယနေ့ဖွင့်လှစ်လိုက်သည့် ပဲခူးတိုင်း ဥသျှစ်ပင်နှင့် မကွေးတိုင်း ကံမမြို့နယ် ရထားလမ်းပိုင်းသည် မကွေးတိုင်းမှ ပြည်သူများနှင့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းစသည့် အခြားသောတိုင်းနှင့်ပြည်နယ်များမှ ပြည်သူများအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားသောကဏ္ဍများကိုပါ ပေါင်းကူးဆက်သွယ်ပေးသည့် လမ်းအပိုင်းတစ်ခု ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် ယခုရထားလမ်းပိုင်းသည် မကွေးတိုင်း၏ အလယ်ဗဟိုကဖြတ်သန်းစီးဆင်းနေသည့် ဧရာဝတီမြစ်နှင့်အပြိုင် အနောက်ဘက်ကမ်းမှ ဖောက်လုပ်သွားပြီး ပခုက္ကူမြို့အထိ ဖောက်လုပ်မှာဖြစ်သည့်အတွက် ရထားလမ်းပိုင်းလုပ်ငန်းများ ပြီးစီးသွားလျှင် ပခုက္ကူမြို့မှတစ်ဆင့် မုံရွာ၊ မြစ်ကြီးနား၊ မန္တလေး စသည့် မြို့ကြီးများအထိ ရောက်ရှိသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်း၏ အဓိကထွက်ကုန်များဖြစ်သည့် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများကို နိုင်ငံတစ်ဝန်း လွယ်ကူချောမွေ့စွာ ကုန်သွယ်နိုင်တော့မှာဖြစ်သကဲ့သို့ မကွေးတိုင်းပြည်သူများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးမည့် အဓိကကုန်သွယ်မှုလမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာတော့မှာဖြစ်ကြောင်း** တင်ပြလိုကြောင်း။

ထို့အပြင် မကွေးတိုင်း ကံမမြို့သည် ပြည်မြို့၊ အောင်လံမြို့များကို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားသော ပညာရေး၊ ကျန်းမာရေးကအစ ဆက်သွယ်နေရသည့်အတွက် တစ်ချိန်က ရေလမ်းခရီးကိုသာ အဓိကအသုံးပြုခဲ့ရာမှ ယခုဆိုလျှင် ရထားဖြင့် ရာသီမရွေး သွားလာနိုင်တော့မှာဖြစ်သည့်အတွက် မကွေးတိုင်းမှ ပြည်သူများကိုယ်စား ရထားလမ်းကို ဖောက်လုပ်ခွင့်ပြုခဲ့သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တကွ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့် အဆင့်ဆင့်သော ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁

ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက်တွင် ဒေသအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ အဆင်ပြေစေရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေးသည် အထူးဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို ဒေသခံပြည်သူများ မျက်မြင်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခဲ့ရာတွင် ကားလမ်းအနေဖြင့် ပုသိမ်-မုံရွာကားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခါ စရိတ်စက သက်သာစွာဖြင့် ကုန်စည်နှင့် ခရီးသည်များကို အချိန်တိုအတွင်း များများသယ်ယူပို့ဆောင်နိုင်သည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းကြီးဖြစ်သော ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးအထိ တစ်ဆက်တည်း သွားလာနိုင်မည့် ရထားလမ်းကြီးကို ဖောက်လုပ်လျက်ရှိရာ ဆက်စပ်ရန်ကျန်ရှိသည့် ကြံခင်း-ပခုက္ကူရထားလမ်းအရှည်မိုင် ၃၂၂မိုင်ကို အပိုင်းသုံးပိုင်းခွဲပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများက အားကြိုးမာန်တက် တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း။

အောင်မြင်စွာဖောက်လုပ်ဖွင့်လှစ်

ယနေ့တွင် ကြံခင်း-သရက်လမ်းပိုင်း ၁၁၁ မိုင်၏ ဒုတိယအစိတ်အပိုင်း တစ်ခုဖြစ်သည့် မိမိတို့ ပဲခူးတိုင်း ဥသျှစ်ပင်နှင့် မကွေးတိုင်း ကံမတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဥသျှစ်ပင်-ကံမရထားလမ်းပိုင်း ၃၅မိုင်ကို အောင်မြင်စွာ ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံ၌ ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ သံလမ်းမိုင်ပေါင်း ၂၇၉၃ မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံ ရှိခဲ့ရာမှ ယခုဆိုလျှင် ရထားလမ်းခရီးမိုင် ၃၂၃၈ မိုင်၊ သံလမ်းမိုင်ပေါင်း ၄၃၂၆ မိုင်နှင့် ဘူတာရုံပေါင်း ၈၂၁ ရုံ ရှိလာပြီဖြစ်၍ ရထားလမ်းခရီးမိုင်ပေါင်း ၁၂၆၂ မိုင်၊ သံလမ်းမိုင်ပေါင်း ၁၅၃၃ မိုင်နှင့် ဘူတာရုံပေါင်း ၃၃၄ ရုံ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့။

ပြည်ထောင်စု မီးရထားလမ်းကွန်ရက်ကြီး ဖြစ်ပေါ်လာစေရေး ရခိုင်ပြည်နယ်နှင့် ဆက်သွယ်မည့် မင်းဘူး-စစ်တွေရထားလမ်းဖောက်လုပ်နေပြီ

ဥဿျစ်ပင်မှ ကံမသို့ ပြေးဆွဲသည့်အထူးရထား ဥဿျစ်ပင်ဘူတာမှ စတင်ထွက်ခွာလာသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေး၊ မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားစေရေးဆိုသည့် ရည်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အဖြစ် ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အားသွန်ကြိုးပမ်း တည်ဆောက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်မှုနောက်ကျ

နိုင်ငံတော်အကြီးအကဲက "ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် အရှေ့ဘက် ခြမ်းဒေသနှင့် နှိုင်းစာပါက ရေမြေသယံဇာတအခြေအနေ မကွာဟသော်လည်း လမ်းပန်း ဆက်သွယ်မှုအခက်အခဲများကြောင့် တိုးတက်မှုနောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ်အရှေ့ ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေးအခြေအနေတန်းတူ ညီတူဖြစ်စေရန် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရန်မှာ မဖြစ်မနေလိုအပ်ချက် ဖြစ်ကြောင်း၊ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်တဲ့ ရထားလမ်းများနှင့် ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးအထိ၊ ထို့အပြင် ပခုက္ကူ မှ မြစ်ကြီးနား၊ ပခုက္ကူမှ လားရှိုး၊ ပခုက္ကူမှ တောင်ကြီး/နမ့်စန်၊ ပခုက္ကူမှ အောင်ပန်း/ လွိုင်ကော်သို့ သွားရောက်နိုင်မှာဖြစ်ကြောင်း" လမ်းညွှန်ခဲ့ကြောင်း။

ကြံခင်း-ပခုက္ကူရထားလမ်း မိုင် ၃၂၀ ကို ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၁၀ စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိရာ ကြံခင်း-သရက်လမ်းပိုင်းထဲမှ ကြံခင်း-ဥဿျစ်ပင် လမ်းပိုင်း ၃၈မိုင်ကို ၂၀၀၈ခုနှစ် မတ် ၁ရက်တွင် အောင်မြင်စွာဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့လည်း ထပ်မံ၍ ဥဿျစ်ပင်-ကံမလမ်းပိုင်း ၃၅မိုင်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း။

အကောင်အထည်ဖော်

ဥဿျစ်ပင်-ကံမလမ်းပိုင်းကို ၂၀၀၇ ခုနှစ် ဇွန် ၂၅ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး တံတားကြီးငယ်ပေါင်း ၁၈၅ စင်း၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံးကွေ့ဒီဂရီ ၆ဒီဂရီ၊ ကွေ့ပေါင်း ၃၇ ကွေ့နှင့် အများဆုံးဆင်ခြေလျှောမှာ ၁း၁၀၀ ဖြစ်ကြောင်း၊ ဖောက်လုပ်ရန်ရှိနေသေးသည့် ကံမနှင့် ပခုက္ကူအထိကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဖောက်လုပ်ဖွင့်လှစ်နိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုမီးရထားလမ်း ကွန်ရက်ကြီးဖြစ်ပေါ်လာစေရေးအတွက် နောက်ဆုံးရထားလမ်းအဖြစ် ရခိုင်ပြည်နယ်နှင့် ဆက်သွယ်နိုင်ရန် မင်းဘူး-စစ်တွေရထားလမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ပဲခူးတိုင်း ပန်းတောင်းမြို့နယ် မြောင်ရှည် ကျေးရွာမှ ဒေသခံပြည်သူ ဦးတင်လှက ဒေသအကျိုးအတွက် ရထားလမ်းဖောက်လုပ်ပေး ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ဥဿျစ်ပင်-ကံမ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စား လှယ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဥဿျစ်ပင်-ကံမရထား လမ်းပိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် မုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် မကွေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ဥဿျစ်ပင်-ကံမရထားလမ်းပိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဥဿျစ်ပင်-ကံမရထားလမ်းပိုင်း ဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးများနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများသည် ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်း ကျောက်စာနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာ ရည်တို့ဖြင့် ပက်ဖျန်းပေးကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ဥဿျစ်ပင်မှ ကံမသို့ ပြေးဆွဲမည့် အထူးရထားပေါ်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဥဿျစ်ပင်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ကံမမြို့ဘူတာရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဥဿျစ်ပင်-ကံမ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ကံမမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြ သည်။

အကျိုးရှိစွာအသုံးချ

ထို့နောက် ဗိုလ်ချုပ်ကြီးသည် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာန ဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဤကံမဒေသသို့ မိမိအနေဖြင့် ပထမဆုံးရောက်ရှိခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများနှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်း၊ ရထားလမ်းကို ဖွင့်ပေးရခြင်းစသည့် အခွင့်အရေးများရရှိ၍ ဝမ်းသာရပါ ကြောင်း၊ ရထားလမ်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရ သည်မှာ လွယ်လွယ်ကူကူသာမန်အားထုတ်ကြံစည်မှုများဖြင့် မဖြစ်နိုင်ပါကြောင်း၊ စေတနာ ထက်သန်မှု၊ လုံ့လဝီရိယအားထည့်မှုတို့ဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်မှသာ အောင်မြင် သောကိစ္စများဖြစ်ပါကြောင်း၊ ဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်မှု အခြေခံများကိုလည်း ရေရှည်တည်တံ့အောင်၊ အကျိုးရှိစွာအသုံးချနိုင်အောင် ကြိုးပမ်းကြရန်လည်းလိုကြောင်း၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းမှု၊ ညီညွတ်မှု မရှိပါကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ပေးရန် မဖြစ်နိုင်ပါကြောင်း။

ကံမပြည်သူများ၏ ရိုးသားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလုပ်လုပ်မှုတို့ဖြင့် မိမိဒေသ ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တည်ငြိမ် အေးချမ်းမှုနှင့် လမ်းပန်းဆက်သွယ်မှုတို့ရှိမှသာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်၍ ရနိုင် ကြောင်း၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်မှာလည်း အလားတူပင် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှု၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်မှုတို့ရှိရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ဧရာဝတီ အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က စေတနာထား၍ ရထားလမ်း ဖောက်လုပ်ခဲ့ပုံ၊ ဒေသအကျိုး၊ ပြည်သူများအကျိုးအတွက် ဖောက်လုပ်ထားသော ရထား လမ်းသည် သွားလာရေးခက်ခဲသော ကံမဒေသအတွက် တန်ဖိုးရှိသော ပို့ဆောင်ရေး လမ်းကြောင်းဖြစ်လျက်ရှိပုံ၊ ရထားလမ်းဖွင့်လှစ်နိုင်သည့် အထိမ်းအမှတ်အဖြစ် ဒေသခံ ပြည်သူများအား သုံးရက်အခမဲ့ရထားစီးခွင့်ပြုရန် စီမံထားပုံတို့ကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံ ပွဲကို ရုပ်သိမ်းလိုက်သည်။ ထိုအချိန်၌ ယနေ့နံနက်ပိုင်း ဥဿျစ်ပင်မှ ထွက်ခွာလာသော အထူးရထားသည့် ကံမဘူတာသို့ အောင်မြင်စွာ ဝင်ရောက်လာရာ ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုကြသည်။

ယင်းအထူးရထားသည် ခရီးစဉ်တစ်လျှောက် သဲကုန်းဘူတာ၊ ပန်းတောင်းဘူတာ၊ ဘုရားပေါ်ဘူတာ၊ ညောင်ကိုင်းဘူတာ၊ ဒါန်းကိုင်းဘူတာစသည့် ကြားဘူတာစဉ်များကို ဖြတ်သန်းရာ၌ ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်ကြသူများဖြင့် ပျားပန်း ခပ်လျက်ရှိကြောင်းနှင့် စီးနင်းလိုက်ပါခဲ့ကြသော ဒေသခံပြည်သူများအား ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ ကြောင်း သိရှိရသည်။

ကြိုးပမ်းဖောက်လုပ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဧရာဝတီအနောက်ဘက်ခြမ်းဒေသ များကို ဧရာဝတီအရှေ့ဘက်ခြမ်းဒေသများကဲ့သို့ပင် မြန်မြန်ဆန်ဆန်မျှမျှတတ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ကြံခင်း- ပခုက္ကူရထားလမ်းမိုင် ၃၂၀ ကို ကြံခင်း-သရက်လမ်းပိုင်း မိုင်၁၁၀၊ သရက်-ပွင့်ဖြူ လမ်းပိုင်း မိုင်၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင်၁၁၀ဟူ၍ အပိုင်းသုံးပိုင်းခွဲပြီး ကြိုးပမ်း ဖောက်လုပ်လျက်ရှိသည်။

ကြံခင်း-သရက်လမ်းပိုင်းတွင်ပါဝင်သည့် ကြံခင်း-ဥဿျစ်ပင်လမ်းပိုင်း ၃၈ မိုင်ကို ၂၀၀၈ ခုနှစ် မတ် ၁ ရက်တွင်လည်းကောင်း၊ ဥဿျစ်ပင်-ကံမလမ်းပိုင်း ၃၅ မိုင်ကို ယနေ့ ထပ်မံ၍လည်းကောင်း ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ထား

အဆိုပါ ဥဿျစ်ပင်-ကံမလမ်းပိုင်းတစ်လျှောက် တံတားကြီးငယ်ပေါင်း ၁၈၅ စင်း၊ ဘူတာပေါင်း ခြောက်ဘူတာ တည်ဆောက်ထားပြီး ရထားလမ်းအကွေ့အကောက်နှင့် ဆင်ခြေလျှောများကို သတ်မှတ်နှုန်းများနှင့်အညီ ပြေပြစ်ချောမွေ့အောင် တည်ဆောက် ထားသည်။

ဥဿျစ်ပင်-ကံမလမ်းပိုင်းကို ယနေ့ဖွင့်လှစ်နိုင်၍ ယခုအခါ ပုသိမ်မှ ကြံခင်း၊ ကြံခင်း မှ ကံမအထိ ခရီးမိုင် ၂၂၂မိုင်ကို ရထားဖြင့် တစ်ဆက်တစ်စပ်တည်းသွားနိုင်ပြီ ဖြစ်သည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် မတ် ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)၌ "မြန်မာ့ လူ့အဖွဲ့အစည်းအား မပွင့်လင်းဘူးလို့သိထားတော့ စိတ်လှုပ်ရှားခဲ့တယ်၊ မြန်မာပြည် လည်းရောက်ရော ဒီလိုမျိုးမတွေ့ရပါဘူး" ဒေါက်တာကာလင်ဂါ ဆီနီဗီရာတန် (အာရှမီဒီယာ သတင်းအချက်အလက်နှင့်ဆက်ဆံရေးစင်တာ(AMIC)မှ သုတေသန အကြီးအကဲ)နှင့် ဖလားဝါးနယူးစ်တို့တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့် အတူ စားသောက်ကုန်တချို့ ဆိုးဆေးအပြင် ချွတ်ဆေးပါအသုံးပြုမှုများရှိနေ၊ နောက်ဆုံးပေါ် ဒစ်ဂျစ်တယ်ကင်မရာများဖြင့် နိုင်ငံတကာအဆင့်မီရုပ်ရှင်ကားကြီးများ ဖန်တီးနိုင်တော့မည်၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးဝါးစက်ရုံ တည်ဆောက်မည်၊ အပြင်းစားကြက်လည်လိမ်ရောဂါကာကွယ်ရန် မန္တလေးတွင် ပိုးသတ်ဆေးများ စတင်ဖြန့်ပေးနေ၊ တားမြစ်အစားအစာ ရောင်းချနေသောဈေးသည် ၁၀၀ ကျော်အား သတိပေးစသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန 'အိပ်မက်တော့မက်ခွင့်ရှိပါတယ်၊ ကျွန်တော်က ကိုယ်ဖြစ်ချင်တာဖြစ်ရမယ် လို့ ယုံကြည်တယ်' ကိုရှိုင်းနောင်(စားပွဲထိုး)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'ကီးမားပလာတာ'၊ 'စက်နဲ့လှည့်ထုတ်လို့မရတဲ့ နိုင်ငံရေးသမား နိုင်ငံ တိုင်းမှာ မရှိမဖြစ်မို့ လူထုကိုစိတ်ညစ်အောင်မလုပ်သင့်' ရှုမြင်သုံးသပ် ဆောင်းပါးများ နှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၁၇)'၊ 'ကမ္ဘာ့ဘဏ်လုပ်ငန်းအသိုင်းအဝိုင်းကို နှလုံးရောဂါ စွဲကပ်စေခဲ့တယ်' Lehman Brother စာရင်းရှင်းလင်းရေးအရာရှိ ဘရိုင်ယန် မာဆယ်နှင့် စပီဂျဲလ်တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့် အတူ အမေရိကန်က ကျူးဘားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများအား လျှော့ပေါ့၊ မလေးရှားတွင် အလုပ်ပါမစ်များလျှော့ချ၊ ဒုက္ခိတသခင်က သူ့ဘဝ၏အသက်သခင် သစ္စာရှိခွေးကို ပြန်လည်စောင့်ရှောက်၊ သမ္မတလင်ကွန်း၏ အိတ်ဆောင်နာရီတွင် လျှို့ဝှက်သတင်းတစ်ပုဒ် ဖော်ထုတ်တွေ့ရှိ၊ ဂျပန်အာကာသယာဉ်မှူးက အာလာဒင်ကို အတုယူ၍ အာကာသထဲတွင် ကော်ဇောပျံစီးရန်ကြံစည်၊ ချားလ်မင်းသား၏ ချစ်သဝဏ်လွှာများအား အင်တာနက်တွင် လေလံတင်စသည့် နိုင်ငံတကာ ထူးထူး ဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မတ် ၃၁ရက် (အင်္ဂါနေ့)မွန်းလွဲ၁နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြား ထားသည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်အတွက် Aircon Bus များဖြင့် အသွား အပြန်စီစဉ်ထားပြီး ယင်းနေ့နံနက် ၅နာရီတွင် အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ရှိရုံးမှ အထူးယာဉ်များဖြင့် ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများသည် မတ်၂၄ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ UMFCCI ရုံး ဖုန်း-၂၁၄၃၄၄မှ ၂၁၄၃၄၉ထိ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံပိုင်ငွေကြေး ကြီးကြပ်စီမံခန့်ခွဲမှုကော်မရှင်မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံပိုင် ငွေကြေးကြီးကြပ်စီမံခန့်ခွဲမှုကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး မစ္စတာလျိုကျုန်ကျုန်တို့က ချည်မျှင်စက်ရုံ(မြစ်သား)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ချည်မျှင်စက်ရုံ(မြစ်သား) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ ဝါဖန့်ဌာနစိတ်၊ ဗိုင်းတောင့်ဌာနစိတ်၊ အပင်ပေါင်းဌာနစိတ်၊ တညင်းလုံးဌာနစိတ်၊ ချည်ငင်ဌာနစိတ်နှင့် ချည်ချောဌာနစိတ်တို့တွင် စက်များလည်ပတ် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါချည်မျှင်စက်ရုံ(မြစ်သား)ကို နိုင်ငံတော်ကငွေကျပ် ၆၂၅၁ဒသမ ၉၁၆သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၉ဒသမ၈သန်း စုစုပေါင်းငွေကျပ် ၆၃၁၇ဒသမ ၅၇၆သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထုတ်လုပ်

စက်ရုံမှ တစ်နှစ်လျှင် ၁/၃၂ချည် ပေါင် ၃ဒသမ၄၅၅သန်း၊ ၁/၂၁ ချည်(ရစ်တိုင်မဲ့) ပေါင် ဝဒသမ၅၇၇သန်းနှင့် ၁/၃၂ဘီးဖြီးချည် ပေါင် ၁ဒသမ၄၄ဝသန်း စုစုပေါင်းချည်ပေါင် ၅ဒသမ၄၇၂သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံရှိ ဗိုင်းတောင့်စက်များနှင့် အပင်ပေါင်းစက်များတွင် Auto Leveller(ခေါ်)အလိုအလျောက် ချိန်ညှိစက်များ တပ်ဆင်ထားသဖြင့် ချည်လုံးညီညာမှု (Yarn Eveness) ပိုမိုကောင်းမွန်ကြောင်း သိရှိရသည်။ ယခုအချိန်တွင် စက်ရုံမှ ၁/၃၂ဝါချည်၊ ၁/၃၂နှင့် ၁/၄ဝဘီးဖြီးဝါချည်၊ ၁/၁ဝနှင့် ၁/၂၁ OEဝါချည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

ထို့အပြင် စက်ရုံမှဝယ်ယူရရှိသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါများမှာ အရည်အသွေးကောင်းမွန်သဖြင့် ၁/၆ဝချည်အထိ စမ်းသပ်ထုတ်လုပ်နိုင်ပြီ ဖြစ်သည်။ နောင်တွင် ၁/၈ဝနှင့် ၁/၁ဝဝချည်များအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား)ကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

တစ်သွေးတည်း၊ တစ်သားတည်း လက်တွဲခိုင်မာ ပြည်သူနဲ့တပ်မတော်ပါ

ကိုမြန်မာ

နိုင်ငံတပ်မတော်တွေနဲ့ပတ်သက်လို့ နိုင်ငံအသီးသီးမှာ ဖြတ်သန်းလာရတဲ့ သမိုင်းကြောင်းနောက်ခံနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ တန်ဖိုးထားမှု စံနှုန်းတွေအပေါ်မူတည်ပြီး သဘောထားနဲ့ခံယူချက်တွေ အမျိုးမျိုးကွဲပြားကြပါတယ်။

မြန်မာနိုင်ငံမှာတော့ နိုင်ငံစတင်တည်ထောင်ခဲ့တဲ့အချိန် မတိုင်ခင်ကတည်းက ပြည်သူနဲ့ စစ်သားဆိုတာ ခွဲခြားလို့မရခဲ့ပါဘူး။ စစ်သားလည်း ပြည်သူ၊ ပြည်သူလည်း စစ်သားပါပဲ။ ပုဂံကိုအခြေပြုပြီး အနော်ရထာမင်းစောက ပထမမြန်မာနိုင်ငံတော်ကို စတင်ပြီး ခိုင်ခိုင်မာမာ ထူထောင်ခဲ့တဲ့အချိန်မှာ နိုင်ငံကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ တပ်မတော်ဟာ ထောင်ပြုမြို့၊ ရာပြုမြို့တွေက စုဆောင်းစေလွှတ်ခဲ့တဲ့ ပြည်သူ့ရင်နှစ် စစ်သည်တော်တွေနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ကို ပြည်ပရန်ကနေ အခါမလပ် စောင့်ကြပ်ပေးခဲ့တဲ့ ကင်းတပ်မြို့တွေဟာလည်း ပြည်သူထဲက စစ်သားတွေပါပဲ။ အဲဒီအချိန်ကတည်းက ကိုယ့်တိုင်းပြည်ကို ကိုယ်ကာကွယ်ရမှာ မလွှဲမသွေထမ်းဆောင်ရမယ့်တာဝန်လို့ မြန်မာနိုင်ငံသားတိုင်းက ခံယူထားခဲ့ကြတာ ဖြစ်ပါတယ်။

ပုဂံခေတ်တွင်မှ မဟုတ်ပါဘူး၊ မြင်စိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်မှာ ပြည်ပကျူးကျော်မှုအရေးအခင်းတွေ ကြုံလာတဲ့အခါတိုင်း ထွန်တွေ၊ ထယ်တွေကို ပစ်ထား၊ လှံဓားကို ကိုင်စွဲပြီး ကိုယ့်နိုင်ငံကို ကာကွယ်ဖို့ မြန်မာပြည်သားတွေ မားမားမတ်မတ်ရပ်တည်ခဲ့ကြတာချည်းပါပဲ။ ဒါကြောင့်လည်း မြန်မာတွေရဲ့ ရင်ထဲမှာ လိုအပ်ရင် လူတိုင်းဟာ စစ်သားဖြစ်နိုင်ဖို့ စစ်သွေးစစ်မာန်အပြည့်နဲ့ရှိခဲ့ကြတာမို့ "ပျိုတို့မောင်မှာ စစ်သံကြားလျှင် အိုးစားဖက်ကို လိုက်လို့ရှာသည်" ဆိုတဲ့ အိုင်ချင်းမျိုးတွေ ပေါ်လာခဲ့တာပါ။

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွေ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲစဉ်တွေတစ်လျှောက်လုံးမှာလည်း မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံးဟာ တိုက်ပွဲဝင်စစ်သည်တွေကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အားလုံးဝိုင်းဝန်းထောက်ခံကူညီခဲ့ကြသလို ပြည်သူထဲက ပေါက်ဖွားလာခဲ့တဲ့ ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်၊ မြန်မာ့တပ်မတော်သားအားလုံးကလည်း မိဘပြည်သူတွေ လွတ်လပ်ရေးအတွက် ပြည်သူတွေနဲ့လက်တွဲပြီး အသက်သွေးချွေးတွေ စွန့်လွှတ်စတေး တိုက်ပွဲဝင်ခဲ့ကြတာဟာ ဖက်ဆစ်တော်လှန်ရေးကာလမှာ သွေးမြေခဲ့ကြရတဲ့ လတပေါင်းရဲ့ ညှာညောင်းရှက်ကြွေတွေက သက်သေခံကြပါလိမ့်မယ်။

လွတ်လပ်ရေးရပြီးစကာလမှာလည်း ရန်ကုန်မြို့တွင်း ကွက်ကွက်ကလေးပဲ အစိုးရက ထိန်းချုပ်နိုင်တော့လို့ ရန်ကုန်အစိုးရ၊ (၈)မိုင်အစိုးရလို့ တောင်မှ လှောင်ပြောင်သရော်အခေါ်ခံခဲ့ကြတဲ့ ကာလတုန်းက ရှိစုမဲ့စု အင်အားနဲ့ နိုင်ငံကိုချောက်ထဲကျမသွားအောင် ရှုပ်ရှုပ်ချွံချွံ ကာကွယ်ခဲ့ကြတဲ့ တပ်မတော်သားတွေကို ပြည်သူတွေက လှိုက်လှိုက်လှဲလှဲ အူထဲအသည်းထဲက ချစ်ခင်အားကိုးတဲ့စိတ်တွေနဲ့ အစစအရာရာကူညီအားပေးခဲ့ကြတာ သမိုင်းမှတ်တမ်းတွေမှာ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ ပြည်တွင်းသောင်းကျန်းမှုကြောင့် နေရပ်မပြန်နိုင်တော့တဲ့ တက္ကသိုလ်ကျောင်းသားတွေက တပ်ထဲဝင်ဖို့ စာရင်းပေးကြပြီး တိုက်ပွဲဝင်ခဲ့ကြတာတွေရှိခဲ့သလို ရုပ်ရှင်၊ ပြဇာတ်၊ ဂီတ၊ အနုပညာရှင်တွေကိုယ်တိုင် အင်းစိန်စစ်မျက်နှာကို ထမင်းပို့တဲ့ကားတွေနဲ့လိုက်လာပြီး မြို့ထဲက လှူလိုက်တဲ့ ပူပူနွေးနွေး ခေါက်ဆွဲကြော်ထုပ်တွေ လိုက်လံဝေငှရင်း အားပေးခဲ့ကြတာ ဓာတ်ပုံမှတ်တမ်းတွေနဲ့ မမေ့နိုင်စရာဖြစ်ရပ်တွေပါပဲ။ ဒီလိုပြည်သူတွေက သောင်းသောင်းဖြဖြ တစ်ခဲနက် အားပေးကူညီမှုသာမရှိခဲ့ရင် ဒီကနေ့ခေတ် ယူဂိုဆလဗ်ပြိုကွဲတဲ့ သွေးချောင်းစီးစစ်ပွဲ ကံကြမ္မာဆိုးမျိုးကို အဲဒီအချိန်ကတည်းက မြန်မာနိုင်ငံမှာ ကြုံခဲ့ရပြီးဖြစ်မှာ သေချာပါတယ်။

လွတ်လပ်ရေးနောက်ပိုင်းခေတ် ပြည်တွင်းသောင်းကျန်းမှု ဆိုးရွားပြင်းထန်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာလည်း ပြည်သူထဲကပေါက်ဖွားလာခဲ့တဲ့ တပ်မတော်ဟာ ပြည်သူတွေနဲ့တစ်သားတည်း အေးအတူ၊ ပူအမျှ ခံစားရင်း ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်နေခဲ့တာဖြစ်ပါတယ်။ ပြည်သူတွေကလည်း တရားသောစစ်ဆင်နွှဲနေတဲ့ တပ်မတော်သားတွေကို အင်တိုက်အားတိုက် ထောက်ခံကူညီခဲ့ကြပါတယ်။ သာဓကတစ်ခုပြရမယ်ဆိုရင် ၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ စီစီဝမ်တာပန်တိုက်ပွဲကိုပြရမှာပါ။ ဒီတိုက်ပွဲမှာ ဗမာပြည် ကွန်မြူနစ်ပါတီ သောင်းကျန်းသူတွေဟာ နောက်ဆုံးလက်ကျန်၊ အထောက်အပံ့ရထားတဲ့ လက်နက်ခဲယမ်းတွေကို ပုံအောအသုံးပြုပြီး နိုင်ငံရေးလွတ်မြောက်နယ်မြေ ကြေညာနိုင်ဖို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသမှာ မြို့သိမ်းတိုက်ပွဲတစ်ခုကို အပိုင်ဆင်နွှဲဖို့ ကြိုးစားခဲ့ကြတာဖြစ်ပါတယ်။ အစပိုင်းမှာ စီစီဝမ်တာပန်တောင်ကုန်းစခန်းတချို့ကို သိမ်းပိုက်ရယူနိုင်ခဲ့ပေမယ့် တပ်မတော်သားတွေရဲ့ ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ချေမှုန်းမှုတွေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်မောင်မယ်တွေက တိုက်ပွဲနေရာအထိလိုက်ပြီး စားနပ်ရိက္ခာတွေပို့ကြ၊ ဒဏ်ရာရ လူနာရဲဘော်တွေကို သယ်ထုတ်ကြနဲ့ တက်တက်ကြွကြွ ဝိုင်းဝန်းကူညီခဲ့ကြတာတွေကြောင့် သောင်းကျန်းသူတွေဟာ အထိနာပြီးနောက်ပိုင်း နာလန်မထူနိုင်တော့ဘဲ ဗကပ သောင်းကျန်းသူတွေရဲ့ နောက်ဆုံးနေ့တွေကို ဒီတိုက်ပွဲကအစပြုခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ပြည်သူနဲ့ တပ်မတော်ဟာ မိဘနဲ့ သားသမီးသဖွယ်ဖြစ်တာကြောင့် အရေးရယ်၊ အကြောင်းရယ် ကြုံလာရတဲ့အခါတိုင်း ပြည်သူ့အတွက် တပ်မတော်ဟာ အဆင်သင့်ရှိနေသလို တပ်မတော်ကိုလည်း မိဘပြည်သူတွေက ဝိုင်းဝန်းထောက်ခံပံ့ပိုးကူညီကြတာဟာ စစ်မြေပြင်တစ်ခုတည်းမှာသာ မဟုတ်ပါဘူး။ သဘာဝဘေးဒဏ်ကြုံရတဲ့အခါမျိုးမှာလည်း ပြည်သူနဲ့ တပ်မတော်လက်တွဲပြီး ရင်ဆိုင်ကျော်လွှားဖြေရှင်းခဲ့ကြတာဟာ ၂၀၀၈ ခုနှစ်မှာ ဆိုးဆိုးရွားရွားကြုံတွေ့ခဲ့ကြရတဲ့ နာဂစ်မုန်တိုင်းကသက်သေပါပဲ။ နာဂစ်မုန်တိုင်းဒဏ် အကြီးအကျယ်ခံခဲ့ရတဲ့ မြန်မာနိုင်ငံမှာ မြို့ပေါ်ဒေသမှာလည်း လဲကျနေတဲ့ သစ်ပင်သစ်ကိုင်းတွေကိုရှင်းရာမှာ၊ ပြိုလဲနေတဲ့ ဓာတ်တိုင်တွေ၊ တယ်လီဖုန်းတိုင်တွေ၊ ဝိုင်ယာကြိုးတွေကို ရှင်းလင်းပြင်ဆင်ရာမှာ ပြည်သူနဲ့အတူ တက်တက်ကြွကြွ နေ့ညမနား ဆောင်ရွက်ခဲ့ကြတာ တပ်မတော်သားတွေပါ။ ကျေးလက်ဒေသမှာလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် ရှိသမျှသယ်ယူပို့ဆောင်ရေးနည်းလမ်းတွေနဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ဆေးဝါးကုသရေး၊ သယ်ယူပို့ဆောင်ရေးတာဝန်တွေယူခဲ့သလို တပ်ရင်းတပ်ဖွဲ့ အသီးသီးကလည်း တာဝန်ကျရာ ကျေးရွာဒေသတွေမှာ အမှိုက်ရှင်း၊ အိမ်ဆောက်၊ လမ်းဖောက်၊ ရေကန်ဖော်၊ ဆေးကု၊ ရိက္ခာဝေစတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ပုဂ္ဂလိကအလှူရှင်တွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကြောင့် မကြုံစဖူး၊ မထင်မှတ်ရလောက်အောင် တိုးတက်အောင်မြင်မှုတွေ ရခဲ့ကြတာ အားလုံးမျက်မြင်ပါပဲ။

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ အခြေအနေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် တစ်စက်ကလေးမှ အကောင်းမမြင်နိုင်တဲ့သူတွေက မုန်တိုင်းဒဏ်ခံပြည်သူတွေ သိန်းနဲ့ချီပြီး ငတ်သေတော့မယ်။ ဝမ်းပျက်ဝမ်းလျှောစတဲ့ ကူးစက်ရောဂါတွေ ပျံ့နှံ့လာမှာကြောင့်လည်း လူတွေသိန်းနဲ့ချီပြီး သေတော့မယ်။ မြန်မာနိုင်ငံရဲ့ စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းမှာ လယ်မြေတွေ ဆားငန်ရေဝင်ကုန်ပြီး ပျက်စီးကုန်တဲ့အတွက် စပါးအထွက်ကျဆင်းပြီး တစ်ပြည်လုံး ငတ်ကြတော့မယ်။ ဆန်ဈေးနှုန်းတွေ မတန်တဆ ကြီးမြင့်လာတော့မယ်။ လူတွေမခံမရပ်နိုင်ဖြစ်ပြီး အုံကြွကြတော့မယ်။ စသည်…စသည်ဖြင့် အမျိုးမျိုး အပျက်သဘော အဆိုးမြင်ခန့်မှန်းခဲ့ကြတာတွေလည်း တစ်ခုမှမမှန်ခဲ့တာ အားလုံးအသိပါ။

တကယ်တော့ ဒီဆိုးကျိုးတွေ ဖြစ်လာနိုင်ရက်နဲ့ ဖြစ်ပေါ်မလာခဲ့တာဟာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲညီညီ ကြိုးစားအားထုတ်ခဲ့ကြလို့ပါပဲ။

အရင်းစစ်လိုက်ရင် ဘယ်သူတွေ ဘာပဲပြောနေနေ၊ ဘယ်လိုပဲ သွေးခွဲနေနေ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ သံမဏိလို ရှည်ကြာစွာ သွေးနဲ့မော်ကွန်းထိုးထားပြီးဖြစ်တဲ့ အမှန်တရားတွေကိုတော့ ဘယ်သူကမှ သေးသိမ်မှေးမှိန်အောင် ပြုလုပ်လို့မရနိုင်ပါဘူး။

အဲဒီအမှန်တရားတွေကတော့-

(၁) တပ်မတော်ဟာ ပြည်သူထဲက ပေါက်ဖွားလာတဲ့ ပြည်သူ့ရင်သွေးရင်နှစ်ဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ရင်ထဲမှာ တပ်မတော်နဲ့ တစ်သွေးတည်း မိသားစုစိတ်ဓာတ်မျိုး အစဉ်ရှိနေပါတယ်။

(၂) တပ်မတော်သားတွေအနေနဲ့လည်း နိုင်ငံနဲ့လူမျိုးအတွက် အမျိုးမျိုးသော အန္တရာယ်အကျပ်အတည်း အခက်အခဲများနဲ့ ရင်ဆိုင်လာရတဲ့အခါတိုင်းမှာ မိဘသဖွယ်ဖြစ်တဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားတွေကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ခဲ့တဲ့ အစဉ်အလာက အစဉ်ခိုင်မာနေပါတယ်။

(၃) ပြည်သူနဲ့ တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး ညီညီညွတ်ညွတ် ဖြေရှင်းကြမယ်ဆိုရင် ဘယ်လိုအခက်အခဲမဆို အောင်မြင်အောင် ကျော်လွှားဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့တဲ့ သာဓကတွေလည်း နိုင်ငံသမိုင်းတစ်လျှောက်လုံးမှာ ပေါ်လွင်နေခဲ့ပြီး ဖြစ်ပါတယ်။

ခြုံပြီးပြောရရင်တော့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပြည်သူနဲ့တပ်မတော်ဟာ တစ်သွေးတည်း၊ တစ်သားတည်းခွဲမရအောင် ခိုင်ခိုင်မာမာလက်တွဲပြီး နိုင်ငံကို ကာကွယ်လာခဲ့ကြတာပါ။ ပြည်သူနဲ့တပ်မတော်အကြားမှာ "ရေကိုသား၍ အကြားမထင်" ဆိုသလို ရေပက်မဝင်တဲ့ ချစ်ခင်စည်းလုံးမှုတွေ ရှိနေသရွေ့ကတော့ သဘာဝဘေးန္တရာယ်၊ လူလုပ်အန္တရာယ်၊ ဘယ်လိုအန္တရာယ်မျိုးတွေကိုမှ ကြောက်ရွံ့စိုးရိမ်နေစရာလိုမှာ မဟုတ်ပါဘူး။

ဒါကြောင့်လည်း မြန်မာနိုင်ငံတော်ကြီး စည်းလုံးခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာမှာကို မလိုလားကြတဲ့ အပြင်ဘက်၊ အတွင်းဘက်က အဖျက်ပိုးအမျိုးမျိုးတွေက တပ်မတော်အတွင်းမှာ စည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်သူနဲ့တပ်မတော်အကြားမှာ စိတ်ဝမ်းကွဲပြားအောင် အမျိုးမျိုးသောနည်းတွေနဲ့ ဖြိုခွဲဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။

အရေးကြီးဆုံးကတော့ ဒီအဖျက်ရန်တွေကို ကြံ့ကြံ့ခံနိုင်ဖို့ ပြည်သူနဲ့တပ်မတော်အကြားမှာ ကျောက်သားပကတိလို ခိုင်ခံ့မာကျောတဲ့ စည်းလုံးညီညွတ်မှု တည်ဆောက်ထားနိုင်မှသာ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရာမှာ တွေ့ကြုံရင်ဆိုင်ရမယ့် အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးကို အောင်မြင်စွာ ကျော်လွှားနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အောင်ပါစေသား ပြည်ချစ်များ

❒ သစ္စာလေးချက်၊ ဦးထိပ်ရွက်
အသက်သွေးချွေး၊ စဉ်မနေး
ပေးဆပ်လျက်ပါ၊ ပြည့်ဝန်တာ
မြန်မာပြည်သား၊ စစ်သည်များ
စွန့်စားရဲရင့်၊ အောင်ပွဲဆင့်။

❒ စိတ်ဓာတ်ကောင်း၏၊ စည်းကမ်းရှိ
စောင့်သိသစ္စာ၊ စည်းလုံးကာ
သုံးဖြာစွမ်းရည်၊ ပြည့်ဝသည်
မိမြန်ပြည်ဖွား၊ သားကောင်းများ
အားဆယ်ပါးရှိ၊ ပြည့်စုံ၏။

❒ စောင့်သိသစ္စာ၊ ပြည်မြန်မာ
နာခံမိန့်များ၊ အလေးထား
ကျင့်သားပြည့်ကာ၊ မြဲသုံးဖြာ
စဉ်လာဆယ့်နှစ်ရပ်၊ စောင့်ထိန်းအပ်
မပြတ်ဂုဏ်ဆောင်၊ ပွဲတိုင်းအောင်။

❒ လှေ့ခွက်ချည်းကျန်၊ လံမလှဲ
တုံးပဲတိုက်တိုက်၊ ကျားကိုက်ကိုက်
တစိုက်မတ်မတ်၊ ဖွဲ့စိတ်ဓာတ်
တပ်၏စဉ်လာ၊ ဆယ့်နှစ်ဖြာ
လိုက်နာဆောင်ရွက်၊ မွေ့ခံလျက်။

❒ ကြည်းရေလေထု၊ သုံးခုလုံခြုံ
မျိုးဂုဏ်ကိုဆောင်၊ အမောင်စစ်သား
ပြည်ချစ်များသို့၊ ပို့သမေတ္တာ
ရာရာအောင်စေ၊ တောင်းဆုခြွေသည်
အောင်ပါစေသား အောင်စေသား။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြို့ဆိုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

တပ်မတော်ဟာ ပြည်သူထဲကပေါက်ဖွားလာတဲ့ ပြည်သူ့ရင်သွေး ရင်နှစ်ဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ရင်ထဲမှာ တပ်မတော်နဲ့ တစ်သွေးတည်း မိသားစုစိတ်ဓာတ်မျိုး အစဉ်ရှိနေပါတယ်။

ကိုမြန်မာ

ပ်မတော်နေ့
က်

ကိုးတက်သည့် နိုင်ငံတော်
သည့် မူဝါဒလမ်းစဉ်(၇)ရပ်
တိုင်းရင်းသားပြည်သူများနှင့်
ရေး။
မူဝါဒအဖြစ် ခံယူပြီး အသက်
တက်ရေး။
နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို
ပြည်ပ အဖျက်သမားများကို
တက်တွဲချေမှုန်းရေး။
ိုင်နက်လုံခြုံရေးကို ကာကွယ်
ပြီး စွမ်းရည်ထက်မြက်သော
ဆောက်ရေး။

ဆားငန်ရေဝင်ကုန်ပြီး ပျက်စီးကုန်တဲ့အတွက်
း နှုန်းတွေ မတန်တဆ ကြီးမြင့်လာတော့မယ်။
ည်ဖြင့် အမျိုးမျိုး အပျက်သဘော အဆိုးမြင်
ါ။
လာခဲ့တာဟာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့

 သွေးခွဲနေနေ မြန်မာ့သမိုင်းစဉ်တစ်လျှောက်
ာ်တဲ့ အမှန်တရားတွေကိုတော့ ဘယ်သူကမှ

ပြည်သူ့ရင်သွေးရင်နှစ်ဖြစ်တဲ့အတွက် ပြည်သူ
မိသားစုစိတ်ဓာတ်မျိုး အစဉ်ရှိနေပါတယ်။
ွက် အမျိုးမျိုးသော အန္တရာယ်အကျပ်အတည်း
သဖွယ်ဖြစ်တဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်
 အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ခဲ့တဲ့

ညီညွတ်ညွတ် ဖြေရှင်းကြမယ်ဆိုရင် ဘယ်လို
းနိုင်မှာဖြစ်ပါတယ်။ အောင်မြင်စွာ ကျော်လွှား
ာက်လုံးမှာ ပေါ်လွင်နေခဲ့ပြီး ဖြစ်ပါတယ်။
 ပြည်သူနဲ့တပ်မတော်ဟာ တစ်သွေးတည်း၊
ကွယ်လာခဲ့ကြတာပါ။ ပြည်သူနဲ့တပ်မတော်
တဲ့ ချစ်ခင်စည်းလုံးမှုတွေ ရှိနေသရွေ့ကတော့
ွကိုမှ ကြောက်ရွံ့စိုးရိမ်နေစရာလိုမှာ မဟုတ်

 ဖွံ့ဖြိုးတိုးတက်လာမှာကို မလိုလားကြတဲ့
တော်အတွင်းမှာ စည်းလုံးညီညွတ်မှု ပျက်ပြား
 အမျိုးမျိုးသောနည်းတွေနဲ့ ဖြိုခွဲဖို့ ကြိုးစား

ပြည်သူနဲ့တပ်မတော်အကြားမှာ ကျောက်သား
က်ထားနိုင်မှသာ အနာဂတ်နိုင်ငံတော်သစ်
ိန်ခေါ်မှုအမျိုးမျိုးကို အောင်မြင်စွာ ကျော်လွှား

ပါက်ဖွားလာတဲ့ ပြည်သူ့
ပြည်သူတွေရဲ့ ရင်ထဲမှာ
ားစုစိတ်ဓာတ်မျိုး အစဉ်

ဒေသတွင်း အဆင့်မြင့်ပညာရပ်များကို အိုးမကွာအိမ်မကွာ လက်လှမ်းတမီ သင်ယူနိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မန္တလေးသွားကားလမ်း မယ်ဟန်ကျေးရွာနှင့် လွယ်လတ်ကျေးရွာ အကြား တည်ဆောက်ထားသော ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်ဆောင်ကြီး၏ မြင်ကွင်း သည်ကား ဤသို့ အလှကျက်သရေ ဖြိုးဝေဖြာလျက်....။ (မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁။	အခြေခံပညာကျောင်း			
	- အထက်တန်း	၇၂၂	၂၁၇၁	၁၄၄၉
	- အလယ်တန်း	၁၆၉၆	၂၈၃၃	၁၁၃၇
	- မူလတန်း	၂၆၉၉၆	၃၁၃၂၉	၄၃၃၃
	- မာလ်တီမီဒီယာစာသင်ခန်း	-	၁၈၂၉	၁၈၂၉
	- မူကြိုပညာရေး	-	၂၀၅၉	၂၀၅၉
၂။	ဆရာအတတ်သင်ပညာရေး			
	- ပညာရေးကောလိပ်	-	၂၀	၂၀
၃။	အဆင့်မြင့်ပညာ			
	- တက္ကသိုလ်/ကောလိပ်/ဒီဂရီကောလိပ်	၃၇	၆၄	၁၇
	- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	-	၆၄	၆၄
၄။	သိပ္ပံနှင့်နည်းပညာ			
	- နည်းပညာတက္ကသိုလ်	၁	၃၀	၂၉
	- နည်းပညာကောလိပ်	-	၄	၄
	- ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	-	၁	၁
၅။	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်	-	၁	၁
၆။	အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ကောလိပ်	၁	၂၂	၂၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ အကြို ဂုဏ်ပြု

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၏ အသီးအပွင့်အဖြစ် ဒေသခံလူငယ်မောင်မယ်များအား အမွေခံ၊ အခြေခံကောင်းများ လက်ဆင့်ကမ်းလျက်ရှိသည့် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)သည်ကား ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဤသို့ ငွားငွားစွင့်စွင့် ဝင့်ဝင့်ထည်ထည်....။ (မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

လူငယ်မောင်မယ်များ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို မိမိဒေသတွင်းမှာပင် သင်ယူနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ထားဝယ်မြို့၏ မြောက်ဘက် မောင်မယ်ရှောင်ကျေးရွာအနီး ရန်ကုန်-ထားဝယ် ကားလမ်းနံဘေးတွင် တည်ဆောက်ပေးထားသော နည်းပညာတက္ကသိုလ်(ထားဝယ်) သုံးထပ်ပင်မဆောင်ကြီးကို ဤသို့ ထည်ဝါခံ့ညားစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

ပထမဆုံး အကြိမ်

တပ်မတော်သားအဖြစ်ပါဝင်သရုပ်ဆောင်ရတာ ပထမဆုံးအကြိမ်ပါပဲ။

သရုပ်ဆောင် မြင့်မြတ်

● ကျောဖုံးမှ

"နိုင်ငံတော်နဲ့ပတ်သက်တဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တာ ဒါနဲ့ဆိုရင် နှစ်ကြိမ်ရှိပါပြီ။ ပထမတစ်ကြိမ်က မဲဆန္ဒပေးတာနဲ့ပတ်သက်ပြီးရိုက်ကူးခဲ့တဲ့ ရုပ်မြင်သံကြားဇာတ်လမ်း ဖြစ်ပါတယ်။ အခု **'ထာဝရ'** ရုပ်မြင်သံကြားဇာတ်လမ်းက ဒုတိယပါ။ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ခဲ့တာပါ"ဟု သရုပ်ဆောင် မြင့်မြတ်က ရှင်းပြသည်။

စစ်သည်တစ်ဦး၏ ကျင့်ဝတ်အတိုင်း လိုက်နာကျင့်သုံးတတ်သည့် ဒုတပ်ကြပ်ချစ်ထွေး(မြင့်မြတ်)နှင့် သူနာပြုဆရာမလေး ရင်မြသက်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် (မေသက်ခိုင်)တို့ အားပြိုင်မှု ဇာတ်ဝင်ခန်း တစ်ခန်းကလည်း အနုပညာအားအပြည့်။

'ထာဝရ' ရုပ်မြင်သံကြားဇာတ်လမ်း၌ မြင့်မြတ်၏ တပ်မတော်သားဘဝ သရုပ်ဆောင်မှုများမှာ တကယ့်ဝါရင့် တပ်မတော်သားတစ်ဦးသဖွယ် ဖြစ်ပြီး အနီးအဝေး ရိုက်ချက်အလိုက် သရုပ်ဆောင်မှုများမှာ အပိုအလိုမရှိ ကွက်တိဖြစ်နေသည်ကို မြင်တွေ့ရသည်။

ကြိုတင်အချိန်ယူ

"တပ်မတော်သားအဖြစ် သရုပ်ဆောင်တာ ဒါပထမဆုံးအကြိမ်ပါပဲ။ ကြိုတင်အချိန်ယူပြီး လေ့ကျင့်ခဲ့တာမျိုး မဟုတ်ပေမယ့် ရိုက်ကွင်းပေါ်မှာ ဒါရိုက်တာညွှန်ကြားချက်အတိုင်း ဒါရိုက်တာလိုချင်တဲ့အမူအရာရအောင် ကျွန်တော် သရုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုသဘာဝကျအောင်သရုပ်ဆောင်တော့ တပ်မတော်သားတွေရဲ့ဘဝကိုစာနာမိလာတယ်"ဟု သရုပ်ဆောင်မြင့်မြတ်က ပြောပြသည်။

'ထာဝရ' ရုပ်မြင်သံကြားဇာတ်လမ်း၌ မြင့်မြတ်က တပ်မတော်(ကြည်း)မှ ဒုတပ်ကြပ်ချစ်ထွေးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် ရန်သူများကို တိုက်ခိုက်ခဲ့သလို ပြည်သူများ သဘာဝဘေးအန္တရာယ် ကြုံတွေ့ချိန်၌လည်း ကူညီရန်အသင့်ရှိနေသည့် တပ်မတော်သားတစ်ဦးအဖြစ် ပီပြင်စွာ မြင်တွေ့ရသည်။

အံ့သြဝမ်းသာ

"ဒီရုပ်မြင်သံကြား ဇာတ်လမ်းမှာ ရေဒီယိုနားထောင်တဲ့ အခန်းကို သဘောကျတယ်။ ကျွန်တော် သရုပ်ဆောင်ရတဲ့အခန်းက ငယ်ငယ်ကတည်းက မိသားစုနဲ့ကွဲကွာပြီး တပ်မတော်ထဲကိုရောက်ခဲ့တာမှာ မိဘမရှိ၊ ဆွေမျိုးမရှိနဲ့ ဖြတ်သန်းနေရာက ရေဒီယိုကနေပြီး ကျွန်တော့်ကိုမိဘတွေက တွေ့လိုကြောင်း အကြောင်းကြားချက် ကြားလိုက်ရတော့ အံ့သြဝမ်းသာသွားတဲ့အခန်း ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

တပ်မတော်သားများသည် မိသားစုရှိကြောင်း၊ သံယောဇဉ်တရားရှိကြောင်း၊ ပြည်သူများကြားမှ ပြည်သူတစ်ဦးပင်ဖြစ်ကြောင်း အမူအရာနှင့် ထုတ်ဖော်ပြသသွားနိုင်သည်။

ရှေ့တန်းရောက် တပ်မတော်သားအဖြစ် သရုပ်ဆောင်မြင့်မြတ်၏ ပါဝင်သရုပ်ဆောင်မှုကလည်း ခံစားမှုအပြည့် ဤသို့မြင်တွေ့ရမည်။

ပီပြင်စွာသရုပ်ဆောင်

"အမှန်တော့ တပ်မတော်သားတစ်ဦးဟာ သူ့ဘဝနဲ့သူ သံယောဇဉ်တရားတွေနဲ့ နှောင်ဖွဲ့ထားတဲ့ ပြည်သူတစ်ဦးပါပဲ။ ကြင်နာမှု၊စာနာမှု၊ ကူညီရိုင်းပင်းမှုတွေဟာ သူတို့ရင်ထဲမှာ အပြည့်ပါ။ ကျွန်တော်တို့ နာဂစ်မုန်တိုင်းဒဏ်ခံရသူတွေကို ကယ်ဆယ်တဲ့အခန်းမှာ မုန်တိုင်းဒဏ် ခံခဲ့ရတဲ့သူတွေကို စာနာစိတ်၊ ကရုဏာစိတ် ဖြစ်ခဲ့ရသလို တပ်မတော်သားတွေရဲ့ စေတနာအပြည့်နဲ့ လုပ်အားကို မြင်တွေ့ခဲ့ရတယ်"ဟု မြင့်မြတ်က ပြောပြသည်။

'ထာဝရ' ရုပ်မြင်သံကြားဇာတ်လမ်းတွင် ဒုတပ်ကြပ်ချစ်ထွေးအဖြစ် ပီပြင်စွာ သရုပ်ဆောင်ထားသော မြင့်မြတ်၏ သရုပ်ဆောင်မှုများကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့အပြင် လူငယ်တို့သဘာဝ မေတ္တာနှောင်ဖွဲ့မှုများ၊တာဝန်နှင့် ဝတ္တရားကို ဦးထိပ်ပန်ပြီး ကျရာတာဝန်ကို အောင်မြင်ပြီးမြောက်အောင် အခက်အခဲကြားမှ ကြိုးစားထမ်းဆောင်နေသော တပ်မတော်သားများ၊ ကောလာဟလ သတင်းများကြောင့် အထင်အမြင်လွဲနေမှုများကို လက်တွေ့မြင်ကွင်းများဖြင့် ချေဖျက်နိုင်ခဲ့ပုံများအား ဇာတ်ဝင်ခန်းများဖြင့် ရိုက်ကူးတင်ပြထားသည်ကို တွေ့ရသည်။

စိတ်နှလုံးကိုသိမ်းကျုံးယူ

ဒုတပ်ကြပ်ချစ်ထွေး၏ စစ်မြေပြင်တွင် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်သည့်အခါ နေလိုမီးလိုစိတ်ဓာတ်ဖြင့် စွန့်လွှတ်စွန့်စားတိုက်ခိုက်သလို ပြည်သူများ ဘေးဒုက္ခအခက်အခဲကြုံတွေ့ရသည့်အခါ စေတနာအပြည့်ဖြင့် အသက်ကို ပဓာနမထားဘဲ ကူညီဆောင်ရွက်ပေးမှုများ၊ ပြည်သူများနှင့်တစ်သားတည်းရှိနေမှုများကို စိတ်လှုပ်ရှားဖွယ် ဇာတ်ဝင်ခန်းများ၊ သရုပ်ဆောင်မှုများနှင့် ရိုက်ကူးထားသည်မှာ ပရိသတ်စိတ်နှလုံးကို သိမ်းကျုံးယူမည့် ရုပ်မြင်သံကြားဇာတ်လမ်းပင်ဖြစ်သည်။

ထို့ကြောင့် **'ထာဝရ'** ရုပ်မြင်သံကြားဇာတ်လမ်းသည် လက်တွေ့ပကတိဖြစ်ရပ်နှင့် ကိုက်ညီစွာ တကယ့် သဘာဝဘေးအန္တရာယ် ဖြစ်ရပ်ကို အခြေခံရိုက်ကူးထားသော ရုပ်မြင်သံကြားဇာတ်လမ်းကောင်းတစ်ကားဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လူငယ်တို့သဘာဝ မေတ္တာနှောင်ဖွဲ့မှုများ၊ တာဝန်နှင့် ဝတ္တရားကို ဦးထိပ်ပန်ပြီး ကျရာတာဝန်ကို အောင်မြင်ပြီးမြောက်အောင် အခက်အခဲကြားမှ ကြိုးစားထမ်းဆောင်နေသော တပ်မတော်သားများ၊ ကောလာဟလ သတင်းများကြောင့် အထင်အမြင်လွဲနေမှုများကို လက်တွေ့မြင်ကွင်းများဖြင့် ချေဖျက်နိုင်ခဲ့ပုံများအား ဇာတ်ဝင်ခန်းများဖြင့် ရိုက်ကူးတင်ပြထား။

တပ်မတော် ပြည်သူ့ မဲကြည်ဖြူ

❖ တပ်မတော်သည်
ပြည်သူ့သွေးသား ပြည်သူ့ကြားမှ
ပေါက်ဖွားစတည် ကိုယ်စီခွင့်လမ်း
မမျှော်မှန်းဘဲ ခယောင်းကြမ်းကို
ဖြတ်သန်းလျှောက်ခဲ့ရပါသည်။

❖ မျှော်ကိုးလွဲမှား ပြည်ပအားနှင့်
လွတ်ငြားကြဲဆောင် ဒို့ပြည်ထောင်ကို
ချုပ်နှောင်ထပ်ဆင့် ဓားဝင့်လွှမ်းမိုး
ဖက်ဆစ်ဆိုးကို ယုံကိုးကိုယ့်အား
ပြည်သူ့သားတို့ ပြည့်အားကိုယူ
ပြည်သူ့ဘဝ လွတ်လပ်မှသာ
အမျှဝေပါ ဤမြေမှာမွေး
ပြည့်အရေးမို့ သက်၊ သွေးမချန်
ခိဋ္ဌာန်စွန့်လွှတ် ကျင့်ဝတ်ပမာ
သန္နေပါခဲ့ စဉ်လာမပျက်
ယနေ့ထက်ထိ မှတ်ကျောက်ရှိခဲ့ဖူးပါသည်။

❖ လွတ်လပ်ပြီးစ ဖူးငုံဘဝ၌
ယူဆမမှန် ချွေးရန်စိတ်ကူး
ပြည်တွင်းဆူးကို ဖျက်တူးဖော်ထုတ်
အငုတ်မကျန် တွန်းလှန်ဖယ်ရှား
စွန့်စားသက်စွန့် လူးလွန့်နိုးထ
ပျိုးထောင်ရ၍ ပြည်ထောင်လှခဲ့ရပါသည်။

❖ ပြည်ထောင်နိုးထ အခြေမကျခင်
ပြည်ပရန်သူ တရုတ်ဖြူကို
ပြည်သူ့အရေး ရှုမျှော်တွေး၍
သက်ပေးမောင်းထုတ်ခဲ့ပါသည်။

❖ ဖက်ဒရယ်မှိုင်း အကြံရိုင်းနှင့်
သမိုင်းရေစီး လှိုင်းကြီးလေထန်
မုန်တိုင်းဒဏ်ကို ကြံ့ခိုင်မားမတ်
ပြည့်ဘက်ရပ်၍ ကျောချင်းကပ်ခဲ့ရပါသည်။

❖ သက်တမ်းတစ်လျှောက် လျှောက်ခဲ့သည့်လမ်း
ခရီးကြမ်းမှာ ဤလမ်းအမှန်
ထိုလမ်းအမှား ခွဲခြားပိုင်းဖြတ်
သုံးသပ်မျှော်တွေး ပြည့်အရေးတွက်
ကြိုတွေးရည်မှန်း ရွှေဘုံနန်းကို
ကြိုးပမ်းဆောက်တည် ရောက်ရမည်ဟု
ယုံကြည်ရှင်းသန့် စိတ်ရန့်ဖြင့်
သင်းပျံ့ဝေစည် တွဲလက်ညီ၍
တပ်မတော်ချီလျက်ရှိပါသည်။
နိုင်ခံ့အိမ်တည် ပြုံးပျော်ကြည်၍
ပြည်သူညီလျက်ရှိပါပြီ။ ။

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

လင်းအောင်(ဇီးကုန်း)

တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို တောင်တွင်းကြီးမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းဖွင့်

နေပြည်တော် မတ် ၂၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့်မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော သရက်စု ပန်းတော်ငယ်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၁ရက် နံနက်၁၁နာရီတွင် အဆိုပါလမ်း၌ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော် ၊ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းမှာ အရှည်ပေ ၂၀၄၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၁၂သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း ၂၅မိုင်၂ဖာလုံ၊ မြို့ပြတံတား ၅၅စင်း၊ မြို့ပြရေပေးရေးလုပ်ငန်း ၁၄၈ခုနှင့် ကျေးလက်လမ်း ၁၁၇မိုင်၊ ကျေးလက်တံတား ၆၅စင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၉၆ခုတို့ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် "မျက်မှောက်ခေတ် နိုင်ငံတကာ အရေးအခင်းများနှင့် မြန်မာနိုင်ငံ" သုတေသနစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မျက်မှောက်ခေတ် နိုင်ငံတကာအရေးအခင်းများနှင့် မြန်မာနိုင်ငံ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော "မျက်မှောက်ခေတ် နိုင်ငံတကာအရေးအခင်းများနှင့် မြန်မာနိုင်ငံ" သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာတမ်းဖတ်ကြား

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာဒေါ်မြင့်ကြည်နှင့် သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က ဆောင်ရွက်ကြသည်။ နံနက်ပိုင်းစာတမ်းဖတ်ပွဲတွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က "China Factors in Myanmar Foreign Policy" စာတမ်းကိုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က "နိုင်ငံတကာ အမျိုးသား၊ အမျိုးသမီးတန်းတူဆက်ဆံရေးဆိုင်ရာ ပြဿနာများ" စာတမ်းကိုလည်းကောင်း ဖတ်ကြားပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာမာဂရက်ဝေါင်းက "ဘဏ္ဍာရေး အကျပ်အတည်း၏ ကမ္ဘာ့နိုင်ငံရေးအပေါ် ဂယက်ရိုက်မှုများ" စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ကထိကဒေါက်တာယဉ်မျိုးသူက "သမ္မတ ဘားရက်အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒများ" စာတမ်းကို လည်းကောင်း ဖတ်ကြားသည်။

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့်စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးလေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်၊ သမိုင်းသုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါ်မိုးဦးတို့နှင့် တက်ရောက်လာကြသော ပညာရှင်များ၊ သုတေသီများ၊ ဧည့်သည်တော်များက ဆွေးနွေးအကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

Yangon Expo 2009 ၌Gold Coil အမှတ်တံဆိပ် ရွှေစပရင်မွေ့ရာနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းရောင်းချစဉ်။ (သတင်းစဉ်)

Gold Coil မွေ့ရာနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများရောင်းချပွဲ

ရန်ကုန် မတ် ၂၂

Yangon Expo 2009ကို မတ်၂၀ရက်မှ၂၃ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိရာ အဆိုပါ ပွဲတော်တွင် Gold Coil အမှတ်တံဆိပ် ရွှေစပရင်မွေ့ရာနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများကို Booth No;B-17 ၌ ဝယ်ယူရရှိနိုင်သည်။

ကံစမ်းမဲ

လာရောက်ဝယ်ယူ အားပေးသူများကို Gold Coil မှ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် ချောင်းသာခရီးစဉ် ကံစမ်းမဲအစီအစဉ်ကိုလည်း ထည့်သွင်းပေးထားသည်။

စုံစမ်းမေးမြန်း

အိပ်ရာအခမ်းအနားပစ္စည်းများကို Gold Coil ၏ အထူးအရောင်းကိုယ်စားလှယ်ဆိုင်ဖြစ်သည့် အမှတ် ၁၃၆ ဗိုလ်မြတ်ထွန်းလမ်းရှိ Bed Talk အရောင်းပြခန်းတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၂၉၈၅၂၃၊ ၀၉-၉၉-၇၀၆၆၆ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၂

တောင်ငူမြို့နယ်အသင်း (အုတ်တွင်း၊ ထန်းတပင်အပါအဝင်)နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၉ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ရှိ မင်္ဂလာဈေးမှော်ရုံ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ပါဝင် လှူဒါန်းလိုပါက ဦးထွန်းထွန်း ဖုန်း-၅၄၃၉၅၈၊ ၃၇၅၃၈၄၊ ၀၉-၅၀-၀၁၉၀၃၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅နှင့် ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁-၂၅၄၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၉ခုနှစ် မတ်၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမတ်ဒွန်း ရှား မာမွတ် ကွာရေရှီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် မတ် ၂၂

ပခုက္ကူဦးအုံးဖေစာပေဆုများ ချီးမြှင့်မည်

၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရရှိသူများ၏ ဆုချီးမြှင့်ပွဲကို မတ် ၃၀ရက်(တနင်္လာနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများ သက်ဆိုင်ရာသို့ မတ်၂၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် သတင်းပို့ကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရုံးပြောင်းရွှေ့ဖွင့်

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်)ကို အမှတ်၃၇၆ မြေကွက် အမှတ် ၁/H ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ဖုန်း-၅၀၂၈၉၂နှင့် ၅၀၂၈၉၃သို့ မတ်၁၈ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးဖြစ်ရာ လိပ်စာသစ်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

ကသာခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး

ကသာခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ အသင်းဝင်မိသားစုများ၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်းမှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၃၇၂၈နှင့် ၆၆၅၈၂၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စာအုပ်ဆိုင်သစ်ဖွင့်လှစ်

တူဒေးစာအုပ်တိုက်၏ ဆိုင်ခွဲသစ်ကို အမှတ်၆၂ မဟာဗန္ဓုလလမ်းရှိ East Point Shopping Centre ပထမထပ် အခန်းအမှတ် ၂၀၂၌ ဖွင့်လှစ်ထားပြီး တူဒေးစာအုပ်ဆိုင်များအားလုံးတွင် ဧပြီ၃ရက်မှ ၁၁ရက်အထိ လုံးချင်းစာအုပ်ဝယ်သူများအတွက် လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ဖုန်း-၃၉၇၉၀၀ လိုင်းခွဲ-၂၀၂ သို့ ဆက်သွယ်နိုင်သည်။

အလက(၅) မရမ်းကုန်း အာစရိယပူဇော်မည်

အလက(၅) မရမ်းကုန်း (ယခင် အမက-၃ မရမ်းကုန်း) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၅၃၁၅၀နှင့် ၇၂၆၈၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မင်္ဂလာဒုံတပ်မတော်ကလေးများကျောင်း အာစရိယပူဇော်မည်

မင်္ဂလာဒုံတပ်မတော်ကလေးများကျောင်း(ယခု အထက-၁၊ အထက-၅) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) မင်္ဂလာဒုံ မြရောခန်းမ၌ ကျင်းပမည် ဖြစ်ရာ ဖုန်း-၆၂၀၅၅၁နှင့် ၆၈၀၇၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကော့မှူးမြို့ အထက မြတ်ဆရာပူဇော်မည်

ကော့မှူးမြို့ အစိုးရအထက်တန်းကျောင်း၌ ၁၉၅၃မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပြည်တော်သာအမက (အထက ကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၂၄၅၄၆၅နှင့် ၀၁-၂၁၅၀၅၃ တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ

၂၀၀၉ခုနှစ် ပဥ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဖလားနှင့် (၃၅)ကြိမ်မြောက် ပြည်နယ်/တိုင်း အမျိုးသား အမျိုးသမီး၊ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို မတ် ၂၈ရက်မှ ဧပြီ ၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ နေ့စဉ်နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း- ၃၉၃၄၂၀နှင့် ၂၂၆၈၇၂တို့သို့ ဆက်သွယ်နိုင်သည်။

စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၇၄-၁၉၇၈ ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ရန်ကုန်မြို့ လမ်းမတော် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပင်ဒါစားသောက်ဆိုင်၌ မတ် ၂၈ရက် (စနေနေ့) ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများ အမှုဆောင်များနှင့်ဆက်သွယ်၍ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

စာပေစာနယ်ဇင်းသင်တန်းသားများ ဆေးဝါးစက်ရုံလေ့လာ

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း သင်တန်း ၁/၂၀၀၉မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းကြီးကြပ်သူ ဆရာများလိုက်ပါလျက် မတ် ၂၁ရက် မွန်းလွဲ၂နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသို့ လေ့လာရေးအစီအစဉ်အဖြစ် ရောက်ရှိရာ စက်ရုံမှတာဝန်ရှိသူများက စက်ရုံ၏ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို လှည့်လည်ရှင်းလင်းပြသပြီး သင်တန်းသား သင်တန်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

သရုပ်ပြလေ့ကျင့်

ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၅ရက်က ဗိုလ်အောင်ကျော်လမ်း(အလယ်)ရှိ မီးသတ်ရေငုတ်တိုင်တွင် သရုပ်ပြပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။ (မြို့နယ် မီးသတ်)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာမြို့နယ် နွားဆင်းငုတ်ကျေးရွာ၌ ဒေသခံပြည်သူများအား အဝတ်အထည်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာနှင့် မလှိုင်မြို့နယ်တို့ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်တွေ့ဆုံ

နေပြည်တော် မတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၉ရက် နံနက်စနာရီတွင် နေပြည်တော်တပ်ကုန်းမြို့နယ် ဘုရားတောင်ကျေးရွာနှင့် ကရင်ချောင်းကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ် ရင်ဂတ်ကုန်းကျေးရွာနှင့် စည်းခံကျေးရွာတို့၌ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ပေပင်လေးကျေးရွာ၌ ဒေသခံပြည်သူများနှင့်လည်းကောင်း တွေ့ဆုံကာ အဝတ်အထည်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် အလယ်ရွာနှင့် နွားဆင်းငုတ်ကျေးရွာတို့၌ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာနှင့် ကူကွဲကျေးရွာတို့၌ ဒေသခံပြည်သူများနှင့်လည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်း ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၂

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ ဒသမ ၉၅ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

တိမ်အသင့်အတင့် ဖြစ်ထွန်း

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၂၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

ထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

နက္ခတ်တာရာပြခန်း(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားနှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နေပြည်တော် မတ် ၂၂

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် နိုင်ငံတကာအဆင့်မီ ခေတ်မီဆန်းသစ်လှပသော နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို မကြာမီစည်ကားသိုက်မြိုက်စွာဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါဖွင့်ပွဲနှင့်အတူ ထူးခြားသွင်ပြင်ရှိသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တစ်နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားရန် စီစဉ်ထားရှိသည်။

ဖျော်ဖြေတင်ဆက်မည်

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) နှစ်ပတ်လည်နေ့တွင် အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့၊ Ghost Riders တီးဝိုင်းနှင့်အတူ တေးသံရှင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၃-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၈။ ရေစကြိုအားမာန် ခင်မွန်ရေလျှောင်တမံ
- ၈:၂၀ ၉။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ **တောမြိုင်စွန်းမှလွမ်းမျက်ရည်** ရဲအောင်၊ လူမုန်း၊ သူထူးစံ၊ မေသဥ္စာဦး၊ ထူးသာ၊ ကမ္ဘာရှား၊ ဝွမ်းပုံကြီး (ဒါရိုက်တာ-ပန်းချီစိုးမိုး)

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ အကပဒေသာ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ တီးကွက်ညီညာညွှန့်သံသာ(၁)
- ၄:၅၀ ၆။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၃၅ ၁၀။ မြန်မာစာ မြန်မာစကား
- ၅:၅၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ သံစဉ်ချိုမြအမှတ်တရ
- ၆:၄၅ ၁၅။ **အဖေတူသား**(ဇာတ်သိမ်းပိုင်း) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ထွန်းထွန်း(Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဥ္စာဦး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ပြည်သူ့အတွက်တပ်မတော် **ပြည်သူအားမာန်ဆည်တမံ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၃)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၁၉၄)စစ်ဆေး

နေပြည်တော် မတ် ၂၂

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မတ် ၂၂ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ ရန်ကုန်-နေပြည်တော်လမ်းအပိုင်းတွင် မတ် ၂၄ရက်မှစတင်၍ စက်သုံးဆီရောင်းချရန် ပြင်ဆင်လျက်ရှိသော မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၁၉၄) တောင်ငူသို့ ရောက်ရှိစစ်ဆေးသည်။

အလေးထားလိုက်နာ

ဝန်ကြီးက တာဝန်ရှိသူများအား တွေ့ဆုံပြီး စက်သုံးဆီ အခြင်အတွယ်ပြည့်ဝရေး၊ ပြည်သူလူထုနှင့် ပြေပြစ်စွာဆက်ဆံရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထားလိုက်နာ ဆောင်ရွက်သွားရေး ပြောကြားသည်။ အဆိုပါ စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၁၉၄)တောင်ငူတွင် 92 Ron၊ Octane၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို နေ့စဉ်နံနက် ၆နာရီမှ ညနေ ၆နာရီအတွင်း ပုံမှန်ဝယ်ယူနိုင်ပြီး တစ်ကြိမ်လျှင် မော်တော်ယာဉ်ခြောက်စီး တစ်ပြိုင်တည်း စက်သုံးဆီ ဖြည့်တင်းနိုင်သည်။

ပုံမှန်ဝယ်ယူနိုင်

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ်တွင် မတ် ၂၄ရက်မှ စတင်ပြီး စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၁၉၄) တောင်ငူနှင့် စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၁၉၉) ဘောနက်ကြီးဆိုင်သစ် နှစ်ဆိုင်လုံးတွင် စက်သုံးဆီများ ဝယ်ယူနိုင်တော့မည်ဖြစ်သည့်အပြင် မူလဖွင့်လှစ်ပြီး နေပြည်တော်နှင့် တောင်ငူ စက်သုံးဆီ အရောင်းဆိုင်တို့တွင်ပါ စက်သုံးဆီများ ပုံမှန်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Father Land ဆောက်လုပ်ရေးနှင့် အိမ်တွင်းအလှဆင်လုပ်ငန်း Yangon Expo-2009 တွင် ပါဝင်ပြသ

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၀ရက်မှ ၂၃ရက်အထိ ခင်းကျင်း ပြသလျက်ရှိသည့် Yangon Expo-2009 ပြပွဲတွင် Father Land ဆောက်လုပ်ရေးနှင့် အိမ်တွင်းအလှဆင် ကုမ္ပဏီကလည်း ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**

ပြသထား

အဆိုပါပြခန်းတွင် Father Land Construction & Decoration Co., Ltd. က ဆောက်လုပ်လျက်ရှိသည့် ခေတ်မီအထပ်မြင့် အဆောက်အအုံပုံစံငယ်များ၊ အိမ်တွင်းအလှဆင်ခြင်းလုပ်ငန်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြသထားသည်။

ထို့အပြင် Plith Area Estimate (PAE) စနစ်ဖြင့် အထပ်မြင့်၊ အထပ်နိမ့်၊ လုံးချင်းတိုက်များကိုအပ်နှံသူတို့စိတ်တိုင်းကျ ဆောက်လုပ်ပေးလျက်ရှိပြီး အဆောက်အအုံအတွင်းနှင့် အပြင်ပိုင်း အလှဆင်လုပ်ငန်းများကိုပါ စိတ်တိုင်းကျ ဆောင်ရွက်ပေးသည်။

ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ အိမ်အလှဆင်ခြင်းပစ္စည်းများကို အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပြီး တိုက်ခန်းများကို အရစ်ကျ ငွေပေးချေစနစ်၊ လစဉ်ငွေပေးသွင်းခြင်းစနစ်၊ မြေကွက်များ လဲလှယ်ခြင်းစနစ်၊ ဆောက်လုပ်ရေးပစ္စည်းများဖြင့် လဲလှယ်ခြင်းစနစ်တို့ဖြင့် ဝယ်ယူသူများအတွက် ညှိနှိုင်းရောင်းချပေးလျက်ရှိသည်။ ပြပွဲကာလအတွင်း ဝယ်ယူသူများအား အထူးအခွင့်အရေးများဖြင့် ရောင်းချပေးနေသည်။

ဆက်သွယ်နိုင်

အဆောက်အအုံဆောက်လုပ်ခြင်းနှင့် အိမ်တွင်းအလှဆင် လုပ်ငန်းများအတွက် ဆက်သွယ်ဆောင်ရွက်လိုသူများသည် Father Land Construction & Decoration Co.,Ltd. အမှတ် ၂၂၁ ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၃၁၀၇၁၊ ၉-၅၁၂-၀၄၀၅၅၊ ၂၀၄၀၆၉၊ ၂၉၈၅၄၀နှင့် ၂၉၆၄၀၁၊ Fax-၉၅၁-၂၀၄၀၆၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးမြို့ အထက(၃) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

ပဲခူးမြို့ အထက(၃)[ယခင်အမျိုးသားတန်းမြင့်ကျောင်း]တွင် နှစ်ပေါင်း ၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ယူသွားခဲ့ကြသော ဆရာ ဆရာမကြီးများနှင့်ဂုဏ်ထူးဆောင် အငြိမ်းစား ဆရာ ဆရာမကြီးများအား ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများက စုပေါင်းဂါရဝပြုကြမည့် ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်အတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ မြတ်ဆရာပူဇော်ပွဲသို့ ရန်ကုန်မြို့နေ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ဖုန်း-၀၉-၅၀၇၁၀၇၁၊ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ဖုန်း-၀၉-၅၁-၀၁၀၃၄၊ ဦးဖိုးကျား ဖုန်း ၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၅၀-၇၁၄၇၇၊ ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာမိမိထွန်း ဖုန်း- ၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁၊ ဒေါ်သက်ဥမ္မာဒွေး ဖုန်း-၀၁-၅၁၀၃၀၂နှင့် ဒေါ်သီတာကြွယ် ဖုန်း-၀၉-၅၁-၃၈၆၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူနှင့် ချယ်လ်ဆီးတို့ ရှုံးပွဲနောက်ဝယ်....

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ တိုးလွင် စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၃၀)အဖြစ် မန်ယူအသင်းဟာ ဖူလ်ဟမ်အသင်းနဲ့ ကစားခဲ့တဲ့အခါ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ပြီးတဲ့နောက် သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလားဆွတ်ခူးရေး ဖာဂူဆန်ရဲ့ မျှော်မှန်းချက် ယိမ်းယိုင်သွားမတတ် ဖြစ်ခဲ့ရပါတယ်။

မဖြစ်သင့်

ဒါကြောင့် ဒီပွဲစဉ် ကစားအပြီးမှာ မန်ယူနည်းပြဖာဂူဆန်က သတင်းထောက်တွေကို ပြောကြားခဲ့တာကတော့ "ဒီပွဲဟာ ကျွန်တော်တို့ကို အတော်လေးထိခိုက်မှု ဖြစ်စေခဲ့တာပါပဲ။ ဒီအချိန်မှာ ဒီရလဒ်ဟာ မဖြစ်သင့်ပါဘူး။ ဒါ့အပြင် အဓိက ကစားသမားတွေဖြစ်တဲ့ ရွန်နေနဲ့ ပေါလ်စခိုးလ်တို့အထုတ်ခံရတာဟာ နစ်နာမှုတစ်ရပ်ဖြစ်ပါတယ်"လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

သံသယဖြစ်

မန်ယူဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လီဗာပူးကို အိုးထရက်ဖို့ဒ်မှာ လေးဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့ပြီး အခု ဖူလ်ဟမ်ကို ဆက်တိုက်ရှုံးပွဲကြုံခဲ့တာမို့ ဒီနှစ် မန်ယူရဲ့ ပရီမီယာလိဂ်ဖလားကာကွယ်ရေးအပေါ် သံသယဖြစ်လာမှုတွေ ရှိလာခဲ့တာနဲ့ပတ်သက်ပြီး "မတ်နဲ့ ဧပြီ ပွဲစဉ်တွေက ရှုံးပွဲမကြုံအောင် ကစားရမယ့်ပွဲတွေ ဖြစ်ပါတယ်။ ရှုံးပွဲကြုံရင်လည်း ပေးဆပ်ရတဲ့တန်ဖိုးက ကြီးမားတာမို့ အသင်းတိုင်း သတိထားပြီး ကစားနေကြတာပါ။ ချယ်လ်ဆီးဟာ လက်ရှိအနေအထားမှာ ကျွန်တော်တို့ကို ဖိအားမပေးနိုင်သေးပါဘူး။ ဒီပွဲရလဒ်ဟာ မန်ယူကစားသမားတွေ စိတ်ကို အမြင့်ဆုံး သတိပေးလိုက်တာဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ်ဖလား ကာကွယ်ရေး စိတ်ဓာတ်က ခိုင်မြဲနေဆဲပဲဖြစ်ပါတယ်"လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် လာမယ့်ဧပြီ ၅ရက်မှာ ဗီလာအသင်းနဲ့ အိုးထရက်ဖို့ဒ်မှာကစားဖို့ရှိနေပါတယ်။ ဗီလာဟာ လီဗာပူးကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဒီနှစ်ပရီမီယာလိဂ်မှာ အစေးကွင်း ခြေစွမ်းပြနိုင်ဆုံးအသင်းဖြစ်တာမို့ မန်ယူတို့ သတိကြီးကြီးနဲ့ကစားရမယ့်ပွဲ ဖြစ်နေပြန်ပါတယ်။

မြင်တွေ့ရ

မန်ယူကို အနိုင်ရခဲ့တဲ့ ဖူလ်ဟမ်နည်းပြ ရွိုင်ဟုဒ်ဆန်ကတော့ "မန်ယူအသင်းဟာ နောက်ပွဲတွေမှာ ပွဲပယ်၊ ဒဏ်ရာရ ကစားသမားတွေ ရှိပေမယ့် ဘောလုံးသမားကောင်းတွေ ပေါများတဲ့ အသင်းဖြစ်တာမို့ မန်ယူအနေအထားဟာ ယိမ်းယိုင်မသွားနိုင်ပါဘူး၊ အမှန်အတိုင်းဝန်ခံရရင် ဒီပွဲမှာ ကျွန်တော်တို့နိုင်မယ်လို့ မထင်ထားခဲ့ပါဘူး။ လာမယ့် ပွဲစဉ်တွေမှာ မန်ယူတို့ ပုံမှန်ခြေစွမ်းကို မြင်တွေ့ရပါလိမ့်မယ်"လို့ ပြောကြားခဲ့ပါတယ်။

"နားလည်မှုလွဲတာတွေရှိခဲ့တယ်"
ဂူဟာစ်ဒင့်

"ဒီရလဒ်ဟာ မဖြစ်သင့်ပါဘူး"
ဖာဂူဆန်

မန်ယူအသင်းဟာ အမှားအယွင်းလုပ်ဖို့ အခွင့်အရေးမရှိတော့ဘူးလို့ ဖာဂူဆန်က ပြောကြားခဲ့ပြီး ကွင်းလယ် ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း နားမလည်နိုင်အောင်ဖြစ်ရတယ်လို့ ဆိုနေပါတယ်။ ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်ကတော့ "စပါးတို့ကစားတာ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ကစားသမားတွေ နားလည်မှုလွဲတာတွေ ရှိခဲ့တယ်၊ အနိုင်အရှုံးဆိုတာ ရှိတတ်စမြဲပါ"လို့ ပြောကြားခဲ့ပါတယ်။ ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်လက်ထက်မှာတော့ ပထမဆုံး ရှုံးပွဲဖြစ်ခဲ့တာပါပဲ။ မန်ယူရဲ့ အားနည်းချက်ကို ချယ်လ်ဆီးတို့ အခွင့်အရေး မယူနိုင်ခဲ့ပေမယ့် မန်ယူတို့လည်း ဖိအားတွေ ဖြစ်စေခဲ့တဲ့ ပွဲစဉ်ပဲ ဖြစ်ပါတယ်။ ။

(အင်တာနက်)

လီဗာပူးတို့ ဂိုးမိုးရွာပြီး မန်ယူကို ဖိအားပေး မန်စီးတီးလည်း အိမ်ကွင်း၌ သုံးမှတ်ရယူနိုင်

လန်ဒန် မတ် ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၃၀) လက်ကျန်ပွဲစဉ်များကို မတ် ၂၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် ဗီလာတို့ပွဲတွင် လီဗာပူးတို့က ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မန်ယူကို ဖိအားပေးနိုင်ခဲ့သည်။ ထို့အတူ ဝီဂန်နှင့် မန်စီးတီးတို့လည်း နိုင်ပွဲများ ရရှိခဲ့သည်။

လီဗာပူးနှင့် ဗီလာ

ယခုနှစ်၌ အိမ်ကွင်းရှုံးပွဲမရှိသေးသည့် မှတ်တမ်းကို လီဗာပူးတို့ စံချိန်တင်ထားနိုင်ဆဲဖြစ်သည်။ တောရက်စ်၊ ဂျရတ်၊ ဒရက်ကွတ်နှင့် မာရှေရာနို စသည့် အမာခံဘောလုံးသမားများဖြင့် ပွဲထွက်လာသော လီဗာပူးသည် ပွဲအစ ရှစ်မိနစ်မှာပင် လီဗာပူးတိုက်စစ်မှူးဒရက်ကွတ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

ဂိုးသွင်းယူ

လီဗာပူးတို့ ဆက်တိုက်ဖိကစားခဲ့ရာ ၃၃မိနစ်၌အလယ်တန်းမှအယ်ဘာတိုရီရာက တစ်ဂိုးသွင်းယူလိုက်ပြန်သဖြင့် လီဗာပူးတို့ နှစ်ဂိုးရရှိခဲ့သည်။ ဟက်စကီး၊ ကာရူးနှင့် မီလာတို့ဦးဆောင်သော ဗီလာတိုက်စစ်မှူးများ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အပိုင်ကန်သွင်းချက်အချို့ကို လီဗာပူးဂိုးသမား ရေးနား ကာကွယ်နိုင်ခဲ့သည်။

ပယ်နယ်တီ

လီဗာပူးတို့ ဆက်တိုက်ဖိကစားခဲ့ရာ မိနစ်၄၀၌ ဂျရတ်က ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် လီဗာပူးတို့ သုံးဂိုးရရှိခဲ့သည်။ ဆက်လက်ပြီး မိနစ်၅၀၌ ဂျရတ်က တစ်ဂိုးထပ်မံသွင်းယူခဲ့သလို ၆၅မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂျရတ်ကပင် ဂိုးသွင်းယူခဲ့ပြန်သဖြင့် ဂျရတ် ဟက်ထရစ်ရရှိခဲ့သည်။ ၆၄မိနစ်၌ ဗီလာမှ ဂိုးသမား ဖရီဒယ် အနီကတ်ပြ အထုတ်ခံရသည်။

လီဗာပူးတို့ ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ငါးဂိုးဖြင့် ကျေနပ်ခဲ့ရသည်။ အန်ဖီးလ်ကွင်း၌ လီဗာပူးတို့ ဂိုးမိုးရွာနိုင်ခဲ့သောပွဲဖြစ်ပြီး ထိပ်ဆုံးမှ မန်ယူကို ဖိအားပေးနိုင်သည့်ပွဲလည်း ဖြစ်ခဲ့သည်။

လီဗာပူးနှင့် ဗီလာတို့ပွဲတွင် ပယ်နယ်တီပြစ်ဒဏ်ဘောကို ဂျရတ် (ဝဲစွန်)က ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မန်စီးတီးနှင့် ဆန်းဒါးလန်း

မန်စီးတီးတို့အိမ်ကွင်း၌ ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၁၅မိနစ်၌ ဆန်းဒါးလမ်းမှ မက်ကာတနီ ကစားပုံကြမ်းတမ်းသဖြင့် အနီကတ်ပြ အထုတ်ခံရသည်။ မန်စီးတီးမှ ရော်ဘင်ဟိုလည်း မိနစ်၃၀၌ ပယ်နယ်တီကန်သွင်းရာ လွဲချော်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ၅၆မိနစ်၌ မန်စီးတီးမှ ရစ်ချတ်က ဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။

ဝီဂန်နှင့် ဟူးလ်စီးတီး

ဝီဂန်တို့ ပထမပိုင်း ပွဲချိန်များ၌ ဂိုးမသွင်းနိုင်ခဲ့ချေ၊ ၈၄မိနစ်ရောက်မှသာ ဘန်ဝက်ဆန်က ဂိုးသွင်းယူခဲ့သဖြင့် ဝီဂန်တို့ နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ။

(အင်တာနက်)

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

ယာဉ်စက်ယန္တရားကြံ့ခိုင်မှု

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားကြံ့ခိုင်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ထွဋ်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

စာအုပ်လှူဒါန်းပွဲ ကနီ၌ ကျင်းပ

ကနီ မတ် ၁၇

စစ်ကိုင်းတိုင်း ကနီမြို့နယ် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးကော်မတီမှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကပ်ကျော်က ကျေးရွာ စာကြည့်တိုက်၂၀အတွက် စာအုပ်၃၈၀ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

သီပေါမြို့နယ် ဩဘာလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစည်းအဝေး မူဆယ်၌ ကျင်းပ

မူဆယ် မတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၄ရက်က ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နွေစပါးစိုက်ဧက သတ်မှတ်လျာထားပြည့်မီရေး၊ စက်မှုလယ်ယာ အသုံးပြုနိုင်ရေးအတွက် ကောက်စိုက်စက်အသုံးချမှု ကျွမ်းကျင်စေရေး၊ စိုက်နည်းစနစ်များ တောင်သူများထံ ထဲထဲဝင်ဝင်ပျံ့နှံ့ရေးများကို မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မန့်ဟီးရိုး၊ ကြူကုတ်၊ မုံးကိုးမြို့နယ်များမှ ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ဆွေးနွေးကြသည်။ (၁၂၃)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ပူတာအို၌ ဟောပြော

ပူတာအို မတ် ၁၂

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအို မြို့နယ် မန်စေအုပ်စု ဆန်ကောင်ကျေးရွာ ထွန်းစာကြည့်တိုက်၌ ဖေဖော်ဝါရီ၂၆ရက်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်တားဆီးရေးတို့ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဦးခင်ဇော်ဖုန်က ဟောပြောရာ စာပေဝါသနာရှင်၊ ကျေးရွာပြည်သူများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ ဈေးသီးသန့် အရန်မီးသတ်တပ်စုနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ကျောက်တံခါးမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၃ရက်က ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာဒီပနှစ်ထပ်ကျောင်းဆောင်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကဝတွင်ကျင်းပ

ကဝ မတ် ၈

ပဲခူးတိုင်း ကဝမြို့နယ် ဘလောက်ကျေးရွာ(တွဲ/ဖက်) တိုးချဲ့ပညာဒီပ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၄ရက် နံနက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ ပဲခူးခရိုင်ပညာရေးမှူးဦးကျော်အေး၊ ကဝမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ကြင်ဝင်း၊ ဆရာ ဆရာမများနှင့် ဒေသခံ ရွာသူရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားကို ကဝမြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ကြင်ဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်တို့က တိုးချဲ့ပညာဒီပနှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေး အပ်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာ ရည်များဖြင့် ပက်ဖျန်းပေးသည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ငွေကျပ်သိန်း ၃၀၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

လက်ခံ

ဆက်လက်၍ ကျောင်းအစည်းအဝေး ခန်းမ၌ ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ကြင်ဝင်းက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ အမာမြို့၌ ကျင်းပ

ဖျာပုံ မတ် ၁၅

ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မတ်၄ရက် ည ၇နာရီက အမာမြို့ (၃)ရပ်ကွက် ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူနှင့် အမာရဲစခန်းမှူး ရဲအုပ်ဝင်းညွန့်တို့က နယ်မြေအတွင်း မှုခင်းဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့မှ ရောက်ရှိလာကြသော စာရေးဆရာများဖြစ်ကြသည့် ဒါရိုက်တာမောင်ယဉ်ကျော်၊ အဏ္ဏဝါစိုးမိုးနှင့်စုံထောက်မောင်ရေခဲတို့က မှုခင်းကျဆင်းရေးပညာပေးနှင့်စာပေရေးရာများကို ဟောပြောကြပြီး အသံတုရဲမြင့်လေးက ဖျော်ဖြေမှုအစီအစဉ်များကို တင်ဆက်ဖျော်ဖြေသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမာမြို့ပေါ်ရပ်ကွက် အသီးသီးမှ ပြည်သူများ၊ အမာရဲစခန်းမှ တပ်ဖွဲ့ဝင် မိသားစုများ တက်ရောက်ကြသည်။ (၁၃၈)

လယ်ယာ သန်းခေါင်စာရင်းလုပ်ငန်း ဆင့်ပွားသင်တန်း မချမ်းဘောတွင်ဖွင့်

မချမ်းဘော မတ် ၁၁

မချမ်းဘောမြို့နယ် မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ မတ် ၄ရက် မွန်းတည့် ၁၂နာရီက ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း စီမံကိန်းအတွက် အိမ်ထောင်စုတည်နေရာ ပြမြေပုံကြမ်းရေးဆွဲခြင်းနှင့် အိမ်ထောင်စုဆိုင်ရာ မေးခွန်းလွှာများ မေးမြန်းကောက်ယူရေးလုပ်ငန်းဆင့်ပွားသင်တန်းနှင့် လက်တွေ့သရုပ်ပြကောက်ယူခြင်းဖွင့်ပွဲကို ပူတာအိုခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကျော်နှင့် မချမ်းဘောမြို့နယ် ဦးစီးမှူးတို့က သင်တန်းပို့ချကြသည်။

အဆိုပါဆင့်ပွားသင်တန်းနှင့် သရုပ်ပြသစာရင်းကောက်ယူရေးဆင့်ပွားသင်တန်းသို့ မြို့နယ်အတွင်းရေးမှူး ဦးကိုကိုနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မြေစာရင်းဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်းအမှတ်(၁) လမ်းအပိုင်း ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ၂၇ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာဌာန) ဦးကျော်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဆွေတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (တောင်ပိုင်း)လင်းခေး ခရိုင် မိုးနဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ နိုင်ငံတော် ထောက်ပံ့ငွေ ဖြင့် ဆောင်ရွက်သော ၄ဝါ လမ်း ကျောက်ချော ခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခွန်မြင့်လွင် ဆောင်ရွက်ရာသို့ မတ် ၁၁ ရက်က အမှုဆောင် အရာရှိ ဦးကျော်မင်းထိုက် ကြီးကြပ်ပေးစဉ်။(မြို့နယ်စည်ပင်)

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက် ၁၁၈လမ်း၊ အမှတ် (၂၄)ရှိ နန်းဝါကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူ ဦးဆန်းအောင်၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ၁ရပ်ကွက်၊ ယောမင်းကြီးရပ်၊ နဝဒေးလမ်း၊ အမှတ်-(၂၆/စီ)၊ ခြောက်လွှာသည် ဦးဆန်းအောင်ထံမှ အလွဲသုံးစားပြု ရယူသွားသော ငွေများဖြင့် ဦးမောင်စိုး(ခ)မိုဟာမက်ဆာဘိရ်(ခ)အဗ္ဗဒူရာရှစ် ၁၂/ရပသ(နိုင်)၀၁၅၆၇၅က ဝယ်ယူထားခဲ့သော အမှုဖြစ် တိုက်ခန်းသာဖြစ်ပါသည်။ ယင်းဦးမောင်စိုး(ခ)မိုဟာမက်ဆာဘိရ်(ခ)အဗ္ဗဒူရာရှစ် အလွဲသုံးစားပြုထားသည့် ငွေကျပ် ၄၆၅၀၀၀၀၀ (ကျပ်လေးရာခြောက်ဆယ့်ငါးသိန်းတိတိ) ကိစ္စအတွက် ဦးဆန်းအောင်က တရားဥပဒေအရ အရေးယူဆောင်ရွက်ဆဲရှိပါသဖြင့် ယင်းတိုက်ခန်းကို မည်သူမျှ ထပ်ဆင့်ရောင်းခြင်း၊ ဝယ်ခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း စသည့် ပြုလုပ်နိုင်ခွင့်မရှိပါကြောင်း အများသိသာနိုင်ရန် အသိပေးအပ်ပါသည်။

ဦးဆန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစံမြင့် (B.A,R.L) တရားရုံးချုပ်ရှေ့နေ

အိမ် အမှတ်-၃၂၊ သီရိမာလာလမ်း၊	**အမှတ်-၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
(ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ရန်ကုန်မြို့။	**ဖုန်း-၀၁-၃၇၆၃၁၉။**
ဖုန်း-၀၉-၅၁-၂၈၆၇၀	

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

TMW Enterprise Limited မှ အောက်ဖော်ပြပါ ရာထူးများ၌ တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းသစ်များ လိုအပ်လျက်ရှိပါသည်။

၁။ ဝန်ထမ်းရေးရာမန်နေဂျာ(Human Resources) ကျား/မ (၁)ဦး
- အသက်(၄၀)အထက်
- ဘွဲ့ရ(လုပ်ငန်းနှင့်ပတ်သက်သော ဘွဲ့ / ဒီပလိုမာ ဦးစားပေးမည်) HR လုပ်ငန်းနှင့် ပတ်သက်သော အတွေ့အကြုံ ငါးနှစ်ရှိရမည်။ ဝန်ထမ်းသစ် ခန့်ထားခြင်းဆိုင်ရာလုပ်ငန်း၊ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် အရည်အသွေးမြှင့်တင်ရေး၊ ဝန်ထမ်းရေးရာ အထွေထွေကိစ္စများကို စနစ်တကျ ဦးဆောင် စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

Computer ကျွမ်းကျင်ရမည်။ မန်နေဂျင်းဒါရိုက်တာသို့ တာဝန်ခံရမည်။

၂။ ဒုတိယမန်နေဂျာ (Human Resources) ကျား/မ (၂)ဦး
- အသက်(၃၅)နှစ်အထက်
- ဘွဲ့ရ (လုပ်ငန်းနှင့်ပတ်သက်သော ဘွဲ့ / ဒီပလိုမာ ဦးစားပေးမည်) လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။ Computer ကျွမ်းကျင်ရမည်။

၃။ မန်နေဂျာ (စီမံ/စစ်ဆေးရေး) ကျား (၁)ဦး
- အသက်(၄၀)အထက်၊ လုပ်ငန်းအတွေ့အကြုံ ငါးနှစ်
- ဘွဲ့ရ၊ စီမံခန့်ခွဲရေးနှင့် ကုမ္ပဏီမှ မော်တော်ယာဉ်ယန္တရားများ၏ အသုံးပြုခြင်း၊ လောင်စာဆီသုံးစွဲမှုများ စိစစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများကို စစ်ဆေးနိုင်ရန် အတွေ့အကြုံရှိသူဖြစ်ရမည်။

၄။ မော်တော်ယာဉ်မှူး ကျား (၁)ဦး
- အသက်(၃၅)နှစ်အထက်
- ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ ငါးနှစ်
- မော်တော်ယာဉ်စက်ပိုင်းဆိုင်ရာ နားလည်ကျွမ်းကျင်ပြီး မော်တော်ယာဉ်များ သုံးစွဲမှု စီမံခန့်ခွဲနိုင်ရမည်။
- ယာဉ်မောင်းများအား စနစ်တကျအုပ်ချုပ်ပြီး မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးကို အတွေ့အကြုံရှိရမည်။

၅။ စာရင်းစစ်(Auditor) ကျား/မ (၂)ဦး
- အသက်(၂၅)နှစ်အထက်
- B.Com, DA, LCCI (Level III) အောင်မြင်သူ ဖြစ်ရမည်။
- ကုန်ပစ္စည်းအဝင်အထွက်စာရင်းစစ်ဆေးခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ ပစ္စည်းသုံးစွဲမှုစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်သော အတွေ့အကြုံရှိသူ ဖြစ်ရမည်။ Computer ကျွမ်းကျင်ရမည်။

ဖော်ပြပါ ရာထူးနေရာများအတွက် တာဝန်ထမ်းဆောင်လိုသော ပုဂ္ဂိုလ်များ အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ခန့်မှန်းလစာတို့ကိုဖော်ပြ၍ ကုမ္ပဏီတည်ရှိရာ အမှတ် (90 A/B) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ပေးပို့ လျှောက်ထားနိုင်ပါသည်။

ကနဦး စိစစ်ရွေးချယ်ခံရသော လျှောက်ထားသူများသာ လူတွေ့စစ်ဆေးခြင်း ပြုမည် ဖြစ်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သား ကွမ်းခြံကုန်းမြို့နယ်၊ ညောင်ငူကျေးရွာ အမှတ် (၁၀၈)နေ မောင်အာကာမင်းမင်း ၁၂/ကခက(နိုင်)၀၆၅၁၅၄ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှု မရှိဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သမျှ ကိစ္စအားလုံးကို(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်မြတ်
၁၂/ကခက(နိုင်) ၀၀၈၇၀၅
ဒေါ်သန်းသန်းဦး
၁၂/ကခက(နိုင်) ၀၀၈၇၂၉။



စာအုပ်စာပေ လူ့မိတ်ဆွေ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံး
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၇၂

မန်နေဂျာ	နှင့်	၁။ ဦးအောင်ကျော်
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်		၂။ ဒေါ်သန်းအေး
ကူးသန်းရောင်းဝယ်ရေးဘဏ်		
ရန်ကုန်မြို့။		
တရားလို		**တရားပြိုင်များ**

ဒိုက်ဦးမြို့၊ (၆)ရပ်ကွက်၊ ၇လမ်းတွင် နေထိုင်သူ တရားပြိုင်(၁) ဦးအောင်ကျော်၊ တရားပြိုင်(၂)ဒေါ်သန်းအေး(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေပေါင်း ၆၃၅၇၉၇၀ကျပ် ၅၂ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၀၉ခုနှစ် ဧပြီ ၆ရက် (၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမီပြုလိုသည့် စာရွက်စာတမ်းများ အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ယဉ်ယဉ်ဟန်(တ/၂၂၉၇)
ဒုတိယခရိုင်တရားသူကြီး(၃)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

ရောင်းရန်ကြော်ငြာ

တရားမပုံစံအမှတ်-၉၄

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရမည်းသင်းမြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၉

မန်နေဂျာ	နှင့်	၁။ ဦးတင်ဆောင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်အေးအေးမြင့်
ရမည်းသင်းမြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၆၃ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဧပြီ ၆ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့နယ် သင်ပန်းကုန်းအုပ်စု၊ လက်ဆည်ကန်ရပ်၊ အကွက် (၁၁၇၉)၊ ကျောင်းဖြူကုန်း၊ အရှေ့ဦးပိုင်(၅၉)၊ ဧရိယာ ၀ဒသမ၃၅ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၃×၃)ပင်သွပ်မိုး၊ ကိုးလက်မအုတ်ရိုးကာ နေအိမ်နှင့်တွဲလျက် တစ်ထပ်နံကပ် မီးဖိုချောင်။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်သောင်းရွှေ
တွံ့ဖက်မြို့နယ်တရားသူကြီး
ရမည်းသင်းမြို့နယ်တရားရုံး။

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန် အိမ်ရာ၊ စီမံကိန်းအပိုင်း(၂) လုံးချင်းတိုက်အမှတ် (၁၁၄-ဘီ)ကို အမည်ပေါက် ဦးထူးပြည့်အောင်ထံမှ ဒေါ်မျိုးသီတာမြင့်က ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှု အမည်ပြောင်းပေးပါရန် စာချုပ်စာတမ်း အထောက်အထား တင်ပြ၍ လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဒသမအကြိမ်မြောက် ဓမ္မာစရိယစာချသင်တန်း ဖွင့်လှစ်မည်

ရေဝတီတိုင်း ကြခင်းမြို့ နဝင်းဂုဏ်းကျောင်းတိုက်အတွင်း ဒသမအကြိမ်မြောက်အဖြစ် ဓမ္မာစရိယစာချသင်တန်းကို မန္တလေးမြို့ စာချဆရာတော် ဘဒ္ဒန္တအာနန္ဒာမဟာဘိဝံသ(သက္ကသီဟဓမ္မာစရိယ)၊ဦးဣဿရိယ(သာသနဓဇဓမ္မာစရိယ)၊ဦးတေဇိန္ဒ(သာသနဓဇဓမ္မာစရိယ)တို့ ဦးစီး၍ ကဆုန်လဆန်း ၁ရက်မှ နယုန်လပြည့်နေ့ (၂၄-၄-၂၀၀၉ ရက်မှ ၇-၆-၂၀၀၉ရက်)အထိ (၄၅)ရက် တိုင်တိုင် ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော အရှင်မြတ်များသည်နဝင်းဂုဏ်းဆရာတော်ဦးဣဿရိယ ဖုန်း-၀၄၄-၄၀၁၈၆ သို့ ကြိုတင်စာရင်း ပေးသွင်းနိုင်သည်။

ဓမ္မာစရိယသင်တန်းဖြစ်မြောက်ရေးကော်မတီ
ကြခင်းမြို့၊ဧရာဝတီတိုင်း။

ဟိတေသီ သကြ်န်ယောဂီစာရင်းနှင့် စုဘူးများလှူဒါန်းနိုင်ပြီ

အမှတ်(၁၆) မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ ဗဟန်းမြို့နယ်မှ မိမိတို့ဆန္ဒအလျောက် လှူဒါန်းကြသော စုဘူးများအား မတ် ၁၅ ရက်မှစ၍ အပ်နှံနိုင်ပြီး သကြ်န်ယောဂီစာရင်းကို လာမည့် ဧပြီ ၁၀ရက် နောက်ဆုံးထား၍ အဖွဲ့သို့ ပေးသွင်းနိုင်ပါကြောင်း။ **ဟိတေသီအဖွဲ့။**

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးနက်သစ်ကျေးရွာ စက်ရေတွင်းသစ်ဖွင့်

ချောက် မတ် ၁၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်း ချောက် မြို့နယ် သွေးနက်ကျေးရွာအုပ်စု သွေးနက်ရွာသစ်ကျေးရွာ ခြောက်လက်မ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ စက်ရေတွင်းသစ် ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသီဟက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက သွေးနက်ရွာသစ်ကျေးရွာ စက်ရေတွင်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က စက်ရေတွင်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

သာစည်၌ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

သာစည် မတ် ၁၅

သာစည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းက ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံ မီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲ အခမ်းအနားကို မတ် ၁ရက် ညနေ ၃နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြောကြား

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးပေါက်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးသိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး သင်တန်းကို မတ် ၁ရက်မှ မတ် ၁၅ရက် အထိ ရက်သတ္တနှစ်ပတ်ကြာ ပြည်သူ့အားကစားကွင်း၌ လေ့ကျင့်သင်ကြားပေးသည်။

တက်ရောက်

သင်တန်းသို့ ဌာနဆိုင်ရာ ဝန်ထမ်း ၃၅ဦး၊ ရပ်ကွက် ခုနစ်ရပ်ကွက်မှ ၃၅ဦး စုစုပေါင်း သင်တန်းသား ၇၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီး သတိပြု

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြ(ငွေလုံး) လမ်းလုပ်ငန်းဖြစ်သည့် တာချီလိတ်မြို့ ဝမ်းကောင်းရပ်ကွက် ကချင်ရွာသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ်၌ ဂျီအက်စ်အမ်နှင့် စီဒီအမ်အေဖုန်း ငှားရမ်းသုံးစွဲခွင့်ပြု

ဖြူး မတ် ၁၃

အများပြည်သူ ဆက်သွယ်ရေးလုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းအရှေ့ခြမ်းဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၏ စီစဉ်မှုဖြင့် ဖြူးမြို့နယ်တွင် ဂျီအက်စ်အမ်မိုဘိုင်းလ် တယ်လီဖုန်း ၄၅၈ လုံးနှင့် စီဒီအမ်အေ မိုဘိုင်းလ် ၅၅၉ လုံးတို့ကို ဌာနမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ မတ် ဒုတိယပတ်မှ စတင်၍ ငှားရမ်းသုံးစွဲခွင့်ပြုနေပြီ ဖြစ်သည်။ (၀၅၁)

မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား)ဖွင့်လှစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊

စာမျက်နှာ ၇ ကော်လံ ၁ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား) စက်ရုံအတွင်းရှိ စက်များ လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၉ခုနှစ် မတ်၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာအိဒ် ယူဆွတ် ရာဇာဂီလာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပရိသတ်စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်နိုင်မည့် ''ထာဝရ''ရုပ်/သံဇာတ်လမ်း (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုထုတ်လွှင့်မည်

နာဂစ်မုန်တိုင်းဒဏ် ကြုံတွေ့ခံစားရသည့် ဒေသခံများအား တပ်မတော်သားများက ဤသို့ ဝိုင်းဝန်းကူညီကာ ကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြသည့် ဇာတ်ဝင်ခန်းများကလည်း ပရိသတ်ကို ဆွဲဆောင်စေမည့် မြင်ကွင်းပင်။

➤ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - မေသန်း (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၂

ပြင်းထန်သော ရင်ဆိုင်တိုက်ပွဲ၊ စစ်မြေပြင်၌ အနီးကပ်တိုက်ခိုက်မှု၊ ရန်သူကို ရှုပ်ရှုပ်ချုံချုံ စွန့်စွန့်စားစား အသက်လု အပြန်အလှန် ပစ်ခတ်မှုများကား ကြည့်ရှုသူများကို ရင်တုန်စိုးထိတ်စရာ ဖြစ်စေသည်။ ယင်းမှာ အခြားမဟုတ် **''ထာဝရ''**အမည်ရှိ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း၏ ဇာတ်ဝင်ခန်းအချို့ပင် ဖြစ်သည်။

တွေ့ဆုံမေးမြန်း

မကြာမီ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသတော့မည်ဖြစ်ရာ **''ထာဝရ''**ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင်မြင့်မြတ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာ့အလင်း

(၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

➤ အောင်ပါစေသား ပြည်ချစ်များ
ဖိုးရန်နိုင်(ကျောက်ကြီး) ၏ ကဗျာ စာ - ၈
➤ တစ်သွေးတည်း၊ တစ်သားတည်း လက်တွဲခိုင်မာ ပြည်သူနဲ့ တပ်မတော်ပါ
ကိုမြန်မာ၏ ဆောင်းပါး စာ - ၈
➤ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ
စာ - ၉
➤ တပ်မတော် ပြည်သူ မဲ့ကြည်ဖြူ
လင်းအောင်(ဇီးကုန်း)၏ ကဗျာ စာ - ၁၀